# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 14 May 2023 ၁၁၀၉၅


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိပါဠ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ဌာပနာတော်သွင်းလှူပူဇော်ခြင်း၊ ရွှေထီးတော်အထွတ်တင်အောင်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ရတနာစိန်ဖူးတော်ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။

**နေပြည်တော် မေ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ဌာပနာတော် သွင်းလှူပူဇော်ခြင်း၊ ရွှေထီးတော် အထွတ်တင်အောင်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရနှင့် ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရ ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ ဝစီပိတ်ဆရာတော်တို့ အမှူးပြုသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆




ကြေးမုံ

# ထိခိုက်ဆုံးရှုံးမှုများလျော့ချနိုင်ရေး တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်း

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း “မိုခါ”(MOCHA) သည် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်မှ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပြီး အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားသည့်အတိုင်း ဖြစ်လာနေပြီဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်၌ အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် မြန်မာ့ကမ်းရိုးတန်းသို့ဦးတည်ပြီး နိုင်ငံအနှံ့၌ လေပြင်းတိုက်ခတ်မှုများ၊ မိုးရွာသွန်းမှုများဖြစ်ပေါ်နေသည်။

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် ယခုအခါ လေတိုက်နှုန်း တစ်နာရီ ၉၅ မိုင်မှ မိုင် ၁၀၀ နှုန်းခန့်ရှိပြီး ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ရန် နီးကပ်နေပြီဖြစ်ရာ လက်ရှိအချိန်၌ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန် ပင်လယ်ပြင်တွင်ရှိသော ကမ်းဝေး/ကမ်းနီး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးထားသည်။ ပင်လယ်ကမ်းရိုးတန်းသို့ ဦးတည်တိုက်ခတ်နေသော ဆိုင်ကလုန်းမုန်တိုင်းမိုခါ၏ လေတိုက်နှုန်းအရှိန်သည် တစ်နာရီ မိုင် ၁၀၀ နှုန်းမှ ၁၁၀ အထိရှိလာနိုင်သည်ဟု အသိပေးထားပြီး ပင်လယ်ဒီရေလှိုင်းအမြင့်မှာ ၁၃ ပေမှ ၁၆ ပေအထိ ရှိနိုင်သောကြောင့် အထူးအန္တရာယ်ရှိသည့် အဆင့်သို့ ရောက်ရှိနေသည်ကို အထူးသတိပြုရမည်ဖြစ်သည်။

ထို့ကြောင့် ငါးဖမ်းရေယာဉ်၊ လှေ၊ သင်္ဘောများအားလုံးသည် လုံးဝ(လုံးဝ) မထွက်ကြရန် လိုအပ်သည်။ သက်ဆိုင်ရာ၏ ညွှန်ကြားချက်များကို မလိုက်နာပါက အသက်အန္တရာယ်ရှိသည့်အပြင် မလိုက်နာသောကြောင့် အရေးယူခြင်းကိုလည်း ခံရနိုင်သည်။ ထို့အပြင် ပင်လယ်ကမ်းရိုးတန်းဒေသရှိပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၁၆ ပေအောက် ကုန်းတွင်းနေရာဒေသများတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် နီးစပ်ရာဆိုင်ကလုန်းရှက်တာများ (သို့မဟုတ်) ရေဘေးလွတ်ရာ ကုန်းမြေမြင့်များသို့ ရွှေ့ပြောင်းနေထိုင်ရေးဆောင်ရွက်ကြရန်နှင့် မရှိမဖြစ်လိုအပ်မည့် တစ်ကိုယ်ရေသုံးပစ္စည်းများကို ရွှေ့ပြောင်းအခြေပြုနေထိုင်မည့်နေရာများသို့ ကြိုတင်ပို့ဆောင်ထားခြင်းဖြင့် မုန်တိုင်း ကုန်းတွင်းပိုင်းသို့ဝင်ရောက်ချိန်တွင် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြင့် ကျော်လွှားသွားနိုင်မည်ဖြစ်သည်။

ယခုအခါ ဆိုင်ကလုန်းမုန်တိုင်းမိုခါ၏ ဘေးအန္တရာယ် ကျရောက်နိုင်ခြေမြင့်မားသော အနီရောင်အဆင့်ရှိဒေသများအဖြစ် စစ်တွေမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ မောင်တောမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ မြေပုံမြို့နယ်၊ ပေါက်တောမြို့နယ်နှင့် မာန်အောင်မြို့နယ်ခုနစ်မြို့နယ်တို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အသိပေးထားသည်။ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ရာ လမ်းကြောင်းပေါ်တွင် တည်ရှိနေသည့် စစ်တွေမြို့နှင့်မောင်တောမြို့ အနီးတစ်ဝိုက်ဒေသများသည် မုန်တိုင်းဒီရေတက်ရောက်ပါက ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ပြီး ခန့်မှန်းတွက်ချက်မှုများအရ နတ်မြစ်ကြောင်းတစ်လျှောက် မြစ်ဝမှတောင်ပြိုလက်ဝဲမြို့အထိ အရှေ့ဘက်ကမ်းဒေသများ၊ မေယုမြစ်ကြောင်းတစ်လျှောက် မေယုမြစ်ဝမှ ရသေ့တောင်၊ ဘူးသီးတောင်မြို့များအထိ မြစ်ကြောင်းဝဲ/ယာတစ်လျှောက်၌ မုန်တိုင်းဒီရေများ သက်ရောက်မှုရှိနိုင်သည်။ မုန်တိုင်းဒီရေ ၁၆ ပေအမြင့်ခန့်တက်လာပါက အနီရောင်သတ်မှတ်ထားသည့်မြို့များအပြင် ပတ်ဝန်းကျင်ဒေသများ မြစ်ချောင်းများနှင့် ပင်လယ်ကမ်းခြေနှင့် ဆက်စပ်သောဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်လာနိုင်သည်။

ဖြစ်ပေါ်နေသည့် ဆိုင်ကလုန်းမုန်တိုင်းသည် တဖြည်းဖြည်း ပိုမိုအားကောင်းလာပြီး အဖျက်အားပြင်းသည့် မုန်တိုင်းအဆင့်သို့ ရောက်ရှိလာနိုင်သည်ကို အားလုံးအနေဖြင့် သိရှိထားပြီးဖြစ်၍ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များ၊ ဆောင်ရွက်ပေးမှုများနှင့်အညီ တက်ညီလက်ညီ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားခြင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းများကို အစောပိုင်းကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ရာ ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် နာဂစ်မုန်တိုင်းကဲ့သို့ အဖျက်စွမ်းအားကြီးသော်လည်း ထိခိုက်ဆုံးရှုံးမှုများကို ထူးခြားစွာ လျှော့ချနိုင်မည်ဟု ယုံကြည်သည်။

သို့ဖြစ်ရာ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် မကြာမီကာလတွင် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တော့မည်ဖြစ်ရာ မုန်တိုင်းနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ကြိုတင်ပြင်ဆင် စောင့်ကြည့်လေ့လာစီမံခန့်ခွဲဆောင်ရွက်ထားပြီး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်မှုများကြောင့် အင်အားပြင်းထန်ပြီး အဖျက်စွမ်းအားကြီးမားသော်လည်း မုန်တိုင်းကျရောက်ရာ မြန်မာနိုင်ငံအတွင်းရှိ ဒေသများအနေဖြင့် ထိခိုက်ဆုံးရှုံးမှုများ အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်မည်ဟု မျှော်လင့်ပါကြောင်း။ ။

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃)

နေပြည်တော်

၂၀၂၃ ခုနှစ် ၊ မေလ ၁၈ ရက်နေ့ မှ ၂၀ ရက်နေ့ ထိ

## “မိုခါ”(MOCHA) ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်နိုင်ကြောင်း ခန့်မှန်းထားသည့် ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ပို့ဆောင်

နေပြည်တော် မေ ၁၃

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်ရှိ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီသည် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းအခြေအနေအရ “ မိုခါ ”( MOCHA) ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်နိုင်ကြောင်း သိရှိရချိန်မှစ၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုကိုခံယူကာ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်နိုင်သည့် ဒေသများသို့ ဆေးဝါးများ၊ စားရေရိက္ခာများ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများကို လေယာဉ်၊ မော်တော်ယာဉ်တို့ဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။



ယနေ့တွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ပို့ဆောင်လိုသည့် လူသုံးကုန်ပစ္စည်းများ၊ ကယ်ဆယ်ရေးပစ္စည်းများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်လမ်းပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲမှ ကုန်တင်ယာဉ်နှစ်စီးဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မုဒုံမြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ် အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

မုဒုံ မေ ၁၃

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် မုန်တိုင်းကြိုတင်ကာကွယ်နိုင်ရေးအတွက် မေ ၁၂ ရက်က ကော့ပရံကျေးရွာသို့ သွားရောက်၍ အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ ကျေးရွာအတွင်းရှိ ပြည်သူများ မုန်တိုင်းအန္တရာယ်ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် မုန်တိုင်း၏ အခြေအနေ၊ ဦးတည်ရွေ့လျားရာလမ်းကြောင်းနှင့် ရာသီဥတုအခြေအနေများကိုလည်းကောင်း၊ မုန်တိုင်းမဖြစ်ခင် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်နေစဉ်အချိန်တွင် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန်အချက်များ၊ ဆောင်ရန်ရှောင်ရန်အချက်များကို အသိပေးနှိုးဆော်ခဲ့ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သတင်းထောက်များ | ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

**ဆက်ကပ်**

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ထို့နောက် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော်ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့်



ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း တည်ထား ကိုးကွယ်သည့် သတ္တသတ္တာဟ မဟာဗောဓိ စေတီတော် မြတ် ကြီးကို ဖူးတွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်ကြီးထံ ဌာပနာတော် ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝစီပိတ်ဆရာတော်ကြီးထံသို့ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်စဉ်။

ချည်နှောင်တားဆီးကာရံကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရတနာစိန်ဖူးတော်၊ ဌာပနာတော်တို့ကို သံဃာတော်များထံ သာဟတ္ထိကဒါနမြောက် လက်ရောက်ဆက်ကပ်ပူဇော်ပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ကောင်စီ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားတက်ရောက်လာကြသူများက လှူဖွယ်ပစ္စည်းများအား သံဃာတော်အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။

**ဆက်ကပ်ပူဇော်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဝစီပိတ်ဆရာတော်ကြီးထံသို့ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်သည်။

ဆက်လက်၍ သီတဂူဆရာတော်ဘုရားကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်ခဲ့သည့် ဗိသုကာအင်ဂျင်နီယာပညာရှင်များအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

**လှည့်လည်ပူဇော်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ဌာပနာတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကာ ကုသိုလ်တော်မဏ္ဍပ်ရှေ့ရှိ ခေတ္တအပူဇော်ခံနေရာသို့ ပို့ဆောင်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများနှင့် ဘုရားဒါယကာများက အထက်ဌာပနာတော်တိုက်သို့ ကြွရောက်တော်မူကြပြီး မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က

စာမျက်နှာ ၄ သို့ ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ဌာပနာတော်များကို သွင်းလှူပူဇော်စဉ်။



သီတဂူဆရာတော်ကြီး အမှူးပြု၍ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို စေတီတောင်အထွတ်၌ တင်လှူပူဖော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။







သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး ကမ္ပည်းမော်ကွန်း ကျောက်စာများကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး ကမ္ပည်းမော်ကွန်းကျောက်စာများကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။

## မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူလူထုတို့က မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြစဉ်။

☆ စာမျက်နှာ ၃ မှ
အထက်ဌာပနာတော်များကို သွင်းလှူပူဇော်ပြီး ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်သည်။

ထို့နောက် မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များ၊ အခမ်းအနားတက်ရောက်လာကြသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူလူထုတို့က မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။ ဆက်လက်၍ ရတနာစိန်ဖူးတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့် တင်လှူပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

**ကပ်လှူပူဇော်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်းရှိ မဟာဗောဓိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရွှေကြာသင်္ကန်း၊ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းများ ကပ်လှူပူဇော်သည်။ ယင်းနောက် သံဃာတော်အရှင်သူမြတ်များက သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ မဟာမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ ဆက်လက်၍ သီတဂူဆရာတော်ကြီးက စေတီတော်မြတ်ကြီး ဧည့်သည်တော် မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုရားကြီးအတွက် အလှူတော်ငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

**ကိုးချက်ထိုးခတ်ပူဇော်**

ယင်းနောက် သီတဂူဆရာတော်ကြီး အမှူးပြု၍ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး ကမ္ပည်းမော်ကွန်းကျောက်စာများကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ စေတီတော်မြတ်ကြီးရှိ ရွှေခေါင်းလောင်းတော်ကို ကိုးချက်ထိုးခတ်ပူဇော်သည်။ စာမျက်နှာ ၅ သို့☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြစဉ်။

**❝ကျိုင်းတုံမြို့ အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာ ပန်ကွဲကျေးရွာအနီးရှိ ဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်း၌ အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအေးချမ်းသာယာမှုရှိစေရန်၊ ထေရဝါဒ ဗုဒ္ဓဘာသာတည်တံ့ခိုင်မြဲစေရန်နှင့် ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဦးစွာတည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်❞**

✰ စာမျက်နှာ ၄ မှ

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြသည်။

### ဖူးမြော်ကြည်ညို

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုး ပူဇော်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အနိမိသ သတ္တာဟ အနိမိသစေတီတော်နှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးတို့အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကြသည်။

အဆိုပါ ကျိုင်းတုံမြို့ အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာ ပန်ကွဲကျေးရွာအနီးရှိ ဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်း၌ အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအေးချမ်းသာယာမှုရှိစေရန်၊ ထေရဝါဒဗုဒ္ဓဘာသာတည်တံ့ခိုင်မြဲစေရန်နှင့် ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဦးစွာတည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ ထို့နောက် ပြည်နယ်(အရှေ့ပိုင်း) ဒေသနှင့် အနီးဝန်းကျင်မှ ဒေသခံ တိုင်းရင်းသားပြည်သူများ၊ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးများအနေဖြင့် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးကို ဒေသအတွင်း၌ပင် ဖူးမြော်နိုင်စေရန် ရည်ရွယ်၍ ယခုသတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး ပုံစံတူ စေတီတော်ကြီးအား တည်ထားကိုးကွယ်နိုင်ရေး ဝစီပိတ်ဆရာတော်ကြီး ကိုယ်တိုင်ဦးဆောင်ပဓာန ကမကထပြုကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် စေတနာရှင်အလှူရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ စုပေါင်းလှူဒါန်းမှုများဖြင့် တည်ဆောက်ပူဇော်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်းနှင့် ယနေ့တွင် ရတနာစိန်ဖူးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးရှိ ရွှေခေါင်းလောင်းတော်ကို ကိုးချက်ထိုးခတ်ပူဇော်စဉ်။




## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၁၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဇိနောဒယစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရိုးဂိုးကျောင်းဟောင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ဇေယျာဝတီစာသင်တိုက်၊ လှိုင်သာယာမြို့နယ်ရှိ ဥက္ကံသာရာမရွှေကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ တိပိဋကာ လင်္ကာရပရိယတ္တိစာသင်တိုက် တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဓမ္မဝါသီကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ဉာဏိကာရုံကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ဝေသာလီဝိပဿနာ မဟာဂန္ဓာရုံကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မင်္ဂလာရာမရွှေဘိုကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်ရှိ ကမာကဆစ်အလယ်ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ တောင်ကျောင်းကြီး ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာနရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အရည်အသွေးရှိ အသက်မွေးဝမ်းကျောင်းပညာရေးဖြင့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးမြူရေး

■ ကိုချင်း ■

ကျွန်တော်တို့ ငယ်စဉ်တုန်းက ဒသမတန်း အောင်မြင်ပြီးပါက တက္ကသိုလ်တက်ရောက်ပညာသင်ကြားရာမှာ ဝိဇ္ဇာ/ သိပ္ပံတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ဆိုပြီး တက်ရောက်ကြရပါသည်။ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ တိရစ္ဆာန်ဆေးကုနှင့် မွေးမြူရေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာတက္ကသိုလ် စသည်တို့ကို အသက်မွေးဝမ်းကျောင်းတက္ကသိုလ် (Professional Institution) များဟု ခေါ်ကြသည်။ ဝိဇ္ဇာ/ သိပ္ပံနှင့် စီးပွားရေးပညာရပ်များကို ဝိဇ္ဇာ/ သိပ္ပံတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်တို့တွင် အသီးသီးတက်ရောက်သင်ယူကြရသည်။

**အသက်မွေးဝမ်းကျောင်းဘာသာရပ်များနှင့် ကွဲပြားခြားနား**

ဝိဇ္ဇာ/ သိပ္ပံတက္ကသိုလ် တက်ရောက်သည့် ကျောင်းသား ကျောင်းသူများသည် ဘွဲ့ရပြီးသောအခါ သူတို့နှင့်ဆက်စပ်သည့် လုပ်ငန်းများကို လွတ်လွတ်လပ်လပ် ရွေးချယ်လုပ်ကိုင်နိုင်ကြသည်။ အဓိကအားဖြင့် အသက်မွေးဝမ်းကျောင်းဘာသာရပ်များနှင့် ကွဲပြားခြားနားမှုမှာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ကို တက်ရောက်သည့် ကျောင်းသား ကျောင်းသူများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းထဲသို့ ရောက်ရှိသည့်အခါ ဥပမာအားဖြင့် ဆေးကျောင်းသားများသည် ဆေးပညာနှင့်ပတ်သက်သည့်လုပ်ငန်းများ ဆောင်ရွက်ခွင့်ရရန်အတွက် စာတွေ့အပြင် ဆေးရုံ၊ ဆေးပေးခန်းများ၌ လက်တွေ့လေ့ကျင့်ပြီး ဆေးကုသမှုအတတ်ပညာကို လက်တွေ့သင်ယူပြီးသောအခါမှသာ ဆေးကုသခွင့်လိုင်စင်ကို သက်ဆိုင်ရာပညာရပ်အဖွဲ့အစည်းများထံမှရယူပြီး ဆေးကုသမှုဆောင်ရွက်ခွင့် ရရှိသည်။ အလားတူ စာရင်းပညာရှင်များသည်လည်း စာရင်းစစ်ဆေးနိုင်ရန်အတွက် လိုအပ်သည့် မှတ်ပုံတင်လက်မှတ်ရရှိရေးအတွက် သင်တန်းများတက်ရောက်ကြရပြီး လက်တွေ့စာရင်းကိုင်၊ စာရင်းစစ်လုပ်ငန်းများ သင်ယူပြီးမှ လိုင်စင်ဝင်ရောက်ဖြေဆို၍ မှတ်ပုံတင်ရရှိပြီးမှသာ စာရင်းလုပ်ငန်းများကို လုပ်ကိုင်ခွင့်ရရှိကြသည်။ ရှေ့နေ၊ ရှေ့ရပ်များသည်လည်း ဥပဒေဘွဲ့ရပြီးသောအခါ သက်ဆိုင်ရာတရားရုံးများတွင် လက်တွေ့ဆင်းပြီး အသိအမှတ်ပြုလက်မှတ်ရရှိမှသာ အလုပ်လုပ်ခွင့်ရရှိကြသည်။

အသက်မွေးဝမ်းကျောင်း ဘာသာရပ်နှင့် ဆက်နွှယ်ပြီး တက်ရောက်ကြသည့် ကျောင်းသားကျောင်းသူများသည် ဘွဲ့ရရှိပြီး လုပ်ငန်းခွင်ဝင်ရောက်ကြသောအခါ ဆောင်ရွက်ရသည့် အသက်မွေးဝမ်းလမ်းကြောင်းသည် အခြားပညာရပ်များမှ ဘွဲ့ရရှိသူများနှင့် မတူညီသည်ကို ဦးစွာရှင်းပြလိုခြင်း ဖြစ်သည်။

ကျွန်တော်တို့ခေတ်တုန်းက ပညာရှင်များကို ကြပ်မတ်ကွပ်ကဲသည့် ပညာရှင်အဖွဲ့အစည်းများအဖြစ် စာရင်းကောင်စီ၊ ဆေးကောင်စီ၊ ရှေ့နေများအတွက် ဘားကောင်စီ (Bar Council) တို့ရှိကြသည်။ ထိုစဉ်က ဗိသုကာ၊ အင်ဂျင်နီယာလုပ်ငန်းများအတွက် ဗိသုကာ၊ အင်ဂျင်နီယာမှတ်ပုံတင်ရှိမှ အလုပ်လုပ်နိုင်မည့် သတ်မှတ်ချက်မရှိခဲ့ပါ။

**ပညာရပ်ဆိုင်ရာမှတ်ပုံတင်ရှိမှ လုပ်ခွင့်ရ**

ကျွန်တော်တို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် စတင်ဝင်ရောက်ခဲ့သည့် အချိန်မှစ၍ အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြင့် အောင်မြင်ပြီးသူများ လုပ်ငန်းခွင်ဝင်ရောက်မည်ဆိုလျှင် ပညာရပ်ဆိုင်ရာမှတ်ပုံတင်ရှိမှ မိမိနှင့်သက်ဆိုင်သည့်လုပ်ငန်း လုပ်ခွင့်ရမည်ဆိုသည့် ကိစ္စရပ်များကို အာဆီယံက ကြပ်မတ်လာပါသည်။ ယင်းကို Mutual Recognition Arrangement (MRA) ဟု ခေါ်ဆိုပြီး ပညာရှင်များ အာဆီယံအတွင်းတွင် လွတ်လပ်စွာ လုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် မှတ်ပုံတင်ရန် လိုအပ်လာခြင်းဖြစ်သည်။ ယင်းအချိန်မှစ၍ အသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်သည့် အင်ဂျင်နီယာ၊ ဗိသုကာ၊ ဆေး၊ သွားဘက်ဆိုင်ရာ၊ သူနာပြု၊ စာရင်းစစ်၊ မြေတိုင်းဘာသာရပ်များတွင် Mutual Recognition Arrangement (MRA) ကို အပြန်အလှန် သဘောတူညီမှုအစီအစဉ်များ ဆွေးနွေးကြပြီး အဆိုပါပညာရပ်များ၏ ဘွဲ့သင်တန်းများကို အရည်အသွေးစိစစ်အသိအမှတ်ပြုရန် လိုအပ်ချက်ကို ထည့်သွင်းတောင်းဆိုလာကြသည်။

ကျွန်တော်တို့နိုင်ငံက ထိုသို့ ဗိသုကာ၊ အင်ဂျင်နီယာ၊ ဆေး၊ သွားဘက်ဆိုင်ရာ၊ သူနာပြု၊ စာရင်းစစ်၊ မြေတိုင်းပညာရပ်များ၌ Mutual Recognition Arrangement (MRA) တွင် ပါဝင်လက်မှတ်ရေးထိုးထားသည့်အတွက် သက်ဆိုင်ရာပညာရပ်များမှ ပညာရှင်များက အာဆီယံအစည်းအဝေးများတွင် ညှိနှိုင်းဆွေးနွေးကာ လိုအပ်သည့် မှတ်ပုံတင်ခြင်း၊ ဘွဲ့အသိအမှတ်ပြုခြင်း၊ ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းသတ်မှတ်ခြင်း စနစ်များကို ထူထောင်ရန်ဖြစ်ပေါ်လာသည်။ အဆိုပါကိစ္စများသည် ဝန်ဆောင်မှုကုန်သွယ်ရေး (Trade in Services) ဟု ခေါ်သည့် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်းကြီး၏ ကုန်သွယ်ရေးဝန်ဆောင်မှုများမှ စတင်လာခြင်း ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးခါစ General Agreement on Tariffs and Trade ဟုခေါ်သည့် GATT အဖွဲ့အစည်းပေါ်လာပြီး ယင်းနောက်တွင် World Trade Organization (WTO) အဖွဲ့အစည်းကြီးပေါ်လာသည်။ WTO နှင့်အတူ Trade in Services ပေါ်ပေါက်လာပြီး ဝန်ဆောင်မှု (Services) လုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဆိုပါက ပုံစံလေးခုဖြစ်သည့် နယ်စပ်ဖြတ်ကျော်ဝန်ဆောင်မှုပေးခြင်း၊ နယ်စပ်ဖြတ်ကျော်စားသုံးခြင်း၊ နယ်စပ်ဖြတ်ကျော်ရင်းနှီးမြှုပ်နှံခြင်း၊ နယ်စပ်ဖြတ်ကျော် အလုပ်လုပ်ကိုင်ခြင်းဟူ၍ သတ်မှတ်ပြဋ္ဌာန်းလာပါသည်။

ဝန်ဆောင်မှုကုန်သွယ်ရေး၏ စတုတ္ထပုံစံ (Mode 4) ဖြစ်သည့် ပညာရှင်များက နယ်စပ်ဖြတ်ကျော် အလုပ်လုပ်ကိုင်ခြင်းကိစ္စရပ်များ၌ မြန်မာနိုင်ငံက ပညာရှင်များနှင့်ပတ်သက်လာပြီး ဝန်ဆောင်မှုကုန်သွယ်ရေးပါ စတုတ္ထပုံစံအရ နယ်စပ်ဖြတ်ကျော်အလုပ်လုပ်ရာတွင် ပညာရှင်များအတွက် ဘွဲ့သင်တန်းအသိအမှတ်ပြုမှု၊ ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းနှင့် မှတ်ပုံတင်ခြင်းစနစ် သတ်မှတ်ချက်များကို မည်သည်တို့ သတ်မှတ်ပြဋ္ဌာန်းရမည်ဆိုသည့် လိုအပ်ချက်များ ဖြစ်ပေါ်လာသည်။

**ပညာရပ်ကောင်စီထူထောင်**

ယင်းအတွက် ပညာရှင်များဖြစ်လာရန် အများသဘောတူထားသည့် သင်ရိုးညွှန်းတမ်းနှင့် ကာလဖြင့် သင်ကြားသည့် ဘွဲ့သင်တန်းများမှ အောင်မြင်ရန်၊ လက်တွေ့လုပ်သက် မည်မျှရှိရန်၊ မည်သည့်အတွေ့အကြုံရှိရန်၊ ပညာရှင်မှတ်ပုံတင်လက်မှတ်ရှိရန် စသည့်သတ်မှတ်ချက်များ ချမှတ်လာကြသည်။ ထို့ကြောင့် ကျွန်တော်တို့နိုင်ငံတွင်လည်း ယင်းကိစ္စများနှင့်ပတ်သက်၍ ပညာရှင်များကို ကြပ်မတ်ထိန်းသိမ်းရန် ဥပဒေများရေးဆွဲ၍ ပညာရပ်ကောင်စီဟုခေါ်သည့် အဖွဲ့အစည်းများကို ဥပဒေနှင့်အညီ ထူထောင်ပြီး ဆောင်ရွက်လာကြရသည်။

လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့် သဘောတူညီချက် (Free Trade Agreement) တွင် အဓိကသုံးမျိုးဖြစ်သည့် ဈေးကွက်ဖွင့်ခြင်း (Market Assess)၊ ရောင်းချခွင့်ပေးခြင်း (Commercial Presence)၊ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် ပတ်သက်ပြီး ဘယ်လိုစနစ်ဖြင့် အရည်အချင်းသတ်မှတ်မည်ဆိုသည့် (National Treatment) ကိစ္စရပ်များ ပါဝင်သည်။

လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့်သဘောတူညီချက် (Free Trade Agreement) ၌ စတုတ္ထပုံစံ (Mode 4) အရ နယ်စပ်ဖြတ်ကျော် (Cross Border) သွားရောက် အလုပ်လုပ်ကိုင်မည့်သူများအတွက် မှတ်ပုံတင်လက်မှတ်၊ လိုင်စင် စသည်တို့ကို ဥပဒေပြဋ္ဌာန်းပြီး အရည်အချင်းပြည့်ဝသူသို့ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်ချက်ကြောင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များမှ ဘွဲ့ရပြီး လုပ်ငန်းခွင်သို့ ရောက်ရှိနေကြသည့် ဗိသုကာ၊ အင်ဂျင်နီယာ၊ ဆရာဝန်၊ သူနာပြု၊ စာရင်းစစ် စသည့် အသက်မွေးဝမ်းကျောင်း ပညာရှင်များအတွက် အာဆီယံနှင့် လိုက်လျောညီထွေဖြစ်အောင် နိုင်ငံတော်က ပညာရပ်ကောင်စီများ ထူထောင်ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ ဆောင်ရွက်ပေးခဲ့ခြင်းဖြင့် အာဆီယံအဆင့် လက်မှတ်ရ စာရင်းစစ်ပညာရှင်များ၊ အာဆီယံအဆင့် လက်မှတ်ရ ဗိသုကာ၊ အင်ဂျင်နီယာပညာရှင်များ ပေါ်ပေါက်လာသည်။

**မှတ်ပုံတင်လက်မှတ်များရရှိရေး**

ယခုလိုစနစ်များ ပေါ်ပေါက်လာသည့်အတွက် တက္ကသိုလ်ပညာရပ်များ ပြီးဆုံးသွားသည့်အခါဒေသတွင်း အမျိုးသားအဆင့်အသိအမှတ်ပြုထားသည့် မှတ်ပုံတင်လက်မှတ်များရရှိရေးအတွက် လက်တွေ့လုပ်ငန်းခွင်ဝင်ခြင်း၊ တက်ရောက်သင့်သည့် သင်တန်းများ တက်ရောက်ကြရသည်။ လုပ်သက်ပြည့်သည့်အခါ မှတ်ပုံတင်လက်မှတ်များ ရရှိရေးအတွက် ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းသတ်မှတ်ချက်နှင့်ပြည့်မီကြောင်း အစစ်ဆေးခံရမည်ဆိုသည့် စနစ်များကို ပြဋ္ဌာန်းဆောင်ရွက်လာကြရသည်။ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် ပထမဦးစွာ မှတ်ပုံတင်ပေးအပ်ရန် စစ်ဆေးမည့်အဖွဲ့အစည်း(Professional Regulatory Authority–PRA) ရှိရမည်ဖြစ်သည်။ ယင်းအဖွဲ့အစည်းများကို နိုင်ငံတော်က ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၇ သို့ ❁

> **“အသက်မွေးဝမ်းကျောင်းပညာကဏ္ဍတွင် သင်ကြားပေးမည့် သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးဇယားများ၊ အချိန်ကာလများသည်လည်း ဒေသတွင်းနှင့် နိုင်ငံတကာမှ လက်ခံနိုင်သော သင်ရိုးညွှန်းတမ်းများ၊ အချိန်ကာလများဖြစ်ခဲ့ပါက “ကျွဲကူးရေပါ” သင်တန်းကာလပြီးဆုံးသည်နှင့် အသိအမှတ်ပြုမှုကိုပါ တစ်ပါတည်းရရှိနိုင်မည်ဖြစ်သည့်အတွက် ကျွန်တော်တို့လူငယ်များ၏ ပညာအရည်အချင်းနှင့် လုပ်ငန်းကျွမ်းကျင်မှု (Qualfication and Competency) သည်လည်း နိုင်ငံတကာအသိအမှတ်ပြုမှုကို ရရှိမည်”**



မေ ၅ ရက်က မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) အကြိုညှိနှိုင်းဆွေးနွေးပွဲ၌ စာတမ်းရှင်များနှင့် သဘာပတိများ ညှိနှိုင်းဆွေးနွေးကြစဉ်။

# မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ပြန်ကြားရေးလုပ်ငန်းဆိုင်ရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

**သံတွဲ မေ ၁၃**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် မေ ၁၁ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် တိုင်းဒေသကြီး ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးနှင့် ခရိုင်ရုံးဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ စက်ရုံမှူးနှင့်ဝန်ထမ်းများ၊ တိုင်းရင်းသားသတင်းဌာနခွဲမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် ဂွမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် ကျိန္တလီမြို့ရုံးများသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ မေ ၁၂ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနသို့ရောက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် စာအုပ်စာစောင်များနှင့် ရုံးသုံးပစ္စည်းများ



ပျက်စီးဆုံးရှုံးမှုမရှိစေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ခရိုင်ရုံးဝန်ထမ်းများ၊ ငပလီမြို့ရုံးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် သံတွဲမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး မုန်တိုင်းကာလတွင် ထုတ်လွှင့်မှုမပြတ်တောက်စေရေး သတိပြုဆောင်ရွက်ရန် ဝန်ထမ်းများအား မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မုန်တိုင်းကာလအတွက် ကြိုတင်ပြင်ဆင်ရန်ကိစ္စများ၊ အသိပညာပေးလုပ်ငန်းများနှင့် သတင်းထုတ်ပြန်ရေးကိစ္စများ၊ လူငယ်များ အသိပညာပေး လုပ်ငန်းများနှင့် ကျောင်းအပ်နှံရေး ကာလတွင် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းအပ်နှံရေး တိုက်တွန်းနှိုးဆော်ရေးနှင့် ဝန်ထမ်းကောင်းပီသစွာ နိုင်ငံနှင့်ပြည်သူကို သစ္စာစောင့်သိပြီး ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေးတို့ကို မှာကြားခဲ့သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ် ကျော်ကျော်သန်း၊ သံတွဲခရိုင် သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးချစ်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သံတွဲခရိုင်အတွင်း ကုန်းမြင့်ဒေသများတွင် ဖွင့်လှစ်ထားသော မုန်တိုင်းအန္တရာယ် ခိုလှုံရာစခန်းများဖြစ်သည့် ဝါးတောင်ကွင်း ဘုန်းတော်ကြီးကျောင်း၊ အောင်ဓမ္မရိပ်သာကျောင်းနှင့် မင်္ဂလသုခဘုန်းတော်ကြီးကျောင်းများသို့ လာရောက်ခိုလှုံနေကြသည့် ပင်လယ်ကမ်းခြေနှင့်နီးသော ကျေးရွာများမှ ပြည်သူများ၊ ကမ်းခြေတွင် နေထိုင်ကြသော ရေလုပ်သားများအား သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားသည်။(ဝဲပုံ)

ဒေသခံပြည်သူများ သဘာဝဘေးအန္တရာယ်ဆိုးရွားစွာ မခံစားရစေရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့က ကြိုတင်စီမံ ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးပြီး မုန်တိုင်းကာလအတွင်း အခက်အခဲများရှိပါက တာဝန်ရှိသူများထံ အသိပေး ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် မုန်တိုင်းဒဏ်မခံရရေး ကြိုတင်ခိုလှုံရောက်ရှိနေသော မုန်တိုင်းရှောင်ပြည်သူများအတွက် ပြည်နယ်အစိုးရက ထောက်ပံ့ကူညီသော ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို တာဝန်ရှိသူများက ပေးအပ်ပြီး ဒုတိယဝန်ကြီးက သံတွဲခရိုင် မုန်တိုင်းရှောင် ပြည်သူများအတွက် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

❁ စာမျက်နှာ ၆ မှ

မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် နောက်ထပ်တွေ့ကြုံရသည့် ပြဿနာတစ်ခုမှာ ပညာရှင်များ ရရှိထားသည့်ဘွဲ့သည် ဒေသတွင်းအဖွဲ့အစည်းများမှ တညီတညွတ်တည်း သဘောတူပြီးဆုံးဖြတ်ထားသော သင်ရိုးနှင့်ကာလများဖြင့် သင်ကြားသည့် ဘွဲ့သင်တန်း၌ သင်ကြားရမည်ဆိုသည့်အချက်ဖြစ်သည်။ ဘွဲ့သင်တန်းများ ပညာသင်ကာလနှစ်မည်မျှရှိရန်နှင့် ဘွဲ့ရရှိပြီး လက်တွေ့လုပ်သက်နှစ်မည်မျှရှိရန်ဆိုသည့် သတ်မှတ်ချက်များ ပါဝင်လာပါသည်။ ဥပမာအားဖြင့် အင်ဂျင်နီယာဝန်ဆောင်မှုလုပ်ငန်းများပေးမည့် လုပ်ငန်းများအတွက် Engineering Services Professional (ESP) ဖြစ်ရန်၊ ESP တစ်ယောက်သည် နိုင်ငံတကာ သဘောတူညီထားသည့် သင်ရိုးညွှန်းတမ်းများနှင့်အညီ လေ့ကျင့်သင်ကြားပေးထားသည့် ဘွဲ့သင်တန်းမှ အောင်မြင်ရမည်ဆိုသည့်အချက် ပါဝင်လာသည်။

ထို့ကြောင့် ဘွဲ့သင်တန်းများကို နိုင်ငံတကာ အသိအမှတ်ပြုသည့် သင်ရိုးညွှန်းတမ်းများနှင့်အညီ လေ့ကျင့် သင်ကြားပေးရမည်ဖြစ်သည့်အတွက် အင်ဂျင်နီယာဘွဲ့သင်တန်းများသည် နိုင်ငံတကာ သဘောတူညီမှုအတိုင်း၊ ပြဋ္ဌာန်းထားသည့် သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားမှု ရှိ၊ မရှိ၊ သတ်မှတ်ထားသော Programme Outcome များ ရှိ၊ မရှိ၊ ဘွဲ့သင်တန်းကာလများ သတ်မှတ်ချက်နှင့် ညီ၊ မညီ၊ ကျန်သောသတ်မှတ်ချက်များသည်လည်း ပြည့်စုံမှု ရှိ၊ မရှိ စသည့်အချက်များလည်း ပြည့်စုံရန် ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြသည်။

**အမြင့်ဆုံးတောင်းဆိုချက်**

နိုင်ငံတကာသဘောတူညီမှု၏ အမြင့်ဆုံးတောင်းဆိုချက်မှာ ဘွဲ့သင်တန်းကို စိစစ်အသိအမှတ်ပြုမှု (Accreditation) ဟု ခေါ်သော ဘွဲ့သင်တန်းများကို စိစစ်အသိအမှတ်ပြုထားရမည် ဆိုသည့်အချက်ဖြစ်သည်။ စိစစ်အသိအမှတ်ပြုရမည့် အဖွဲ့အစည်းသည် မိမိတို့နိုင်ငံတွင် ရှိရမည်ဖြစ်ပြီး ယင်းအဖွဲ့အစည်းသည်လည်း ဥပဒေနှင့်အညီ တည်ထောင်ထားရမည်ဖြစ်သည်။ ပညာရပ်ဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်းများတွင်လည်း တက်ကြွစွာပါဝင်ပြီး ဆောင်ရွက်နေရမည်ဆိုသည့်အချက်များ တောင်းဆိုလာသည်။

ကျွန်တော်တို့နိုင်ငံအနေဖြင့် ယခုကဲ့သို့ တောင်းဆိုမှုများအတိုင်း အာဆီယံတွင် ပါဝင်ဆောင်ရွက်ပြီး ပညာရှင်များကို လွတ်လပ်စွာ နယ်စပ်ဖြတ်ကျော် အလုပ်လုပ်ကိုင်ခွင့် အပြန်အလှန်အသိအမှတ်ပြုနိုင်ရေးအတွက် MRA အရ လိုက်ပါဆောင်ရွက်ပါသည်။

အချုပ်အားဖြင့် MRA အရ Professional Regulatory Authority (PRA) လိုအပ်လာပြီး ယင်း PRA အရ အင်ဂျင်နီယာများ မှတ်ပုံတင်ရမည်ဆိုကာ ဖြစ်လာပါသည်။ မှတ်ပုံတင်နိုင်ရန်အတွက် မှတ်ပုံတင်ရမည့် အရည်အချင်းသတ်မှတ်ချက်၊ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများ ပြဋ္ဌာန်းရမည်။ ယင်းပြဋ္ဌာန်းချက်များနှင့် ညီ၊ မညီ ဆန်းစစ်ရမည်။ ဆန်းစစ်မှုခံယူမည့် ပုဂ္ဂိုလ်များသည် စိစစ်အသိအမှတ်ပြုထားသော ဘွဲ့သင်တန်းများမှ ဘွဲ့ရရှိသူဖြစ်ရမည်ဖြစ်သည်။

**သတ်မှတ်ချက်များနှင့်အညီ သင်ကြားပေးရန်လိုအပ်**

ထိုသို့ တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်လာမှုများသည် နောက်ဆုံးအသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၏ ဘွဲ့သင်တန်းများကို စိစစ်အသိအမှတ်ပြုထားရမည် ဆိုသည်အထိ ဖြစ်လာသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များမှ ဘွဲ့သင်တန်းများသည် နိုင်ငံတကာနှင့် ပညာရှင်အဖွဲ့အစည်းများမှ အသိအမှတ်ပြုသော၊ သဘောတူညီထားသော သတ်မှတ်ချက်များနှင့်အညီ သင်ကြားပေးရန်လိုအပ်သည်။ သတ်မှတ်ချက်များတွင် ရလဒ်အခြေပြုပညာရေး၊ ဘွဲ့ရတစ်ယောက် တတ်ကျွမ်းရမည့်အရည်အချင်း၊ ဘွဲ့ရဂုဏ်ရည်များ၊ ဘွဲ့သင်တန်းများတွင် သင်ကြားရမည့် သင်ရိုးညွှန်းတမ်းများ၊ သင်ကြားရမည့်အချိန် စသည့် သဘောတူညီမှုများလည်း ထပ်ပြီးလိုအပ်လာပြန်သည်။

ကျွန်တော်တို့၏ ကျောင်းသား ကျောင်းသူလူငယ်မျိုးဆက်သစ်များကို ကျောင်းတက်ရင်းနှင့် အဆိုပါအခွင့်အလမ်းများ တစ်ပြိုင်တည်း ရရှိသွားနိုင်ရေးအတွက် ဘွဲ့သင်တန်းများ၏ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာတွင် သဘောတူညီထားသည့် စံချိန်စံညွှန်းများအတိုင်း ရေးဆွဲသင်ကြားရန်၊ ယင်းဘွဲ့သင်တန်းများကို အဆိုပါ စံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲသင်ကြားပေးနေသည်ဆိုသည်ကို စိစစ်အသိအမှတ်ပြုထားရန်လည်း လိုအပ်သည်။

ယခုကဲ့သို့ စိစစ်အသိအမှတ်ပြုထားသော ဘွဲ့သင်တန်းများမှ အောင်မြင်သည့် ကျောင်းသားကျောင်းသူများကို အသိအမှတ်ပြုပြီး ဒေသတွင်း၌ နယ်စပ်ဖြတ်ကျော်ပြီး ပညာရှင်များ၏ ဝန်ဆောင်မှုများကို Trade in Services အရ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဆက်လက်ပြီး ဘွဲ့ရရှိလာသော ကျောင်းသား ကျောင်းသူများကို ပညာရှင်မှတ်ပုံတင်လက်မှတ်များရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးရမည် ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် ပညာရှင်များ၏ Career Pathway အတိုင်း ဝင်ရောက်လာကာ နောက်ဆုံးတွင် ပညာရှင်အဆင့်မှ ကျွမ်းကျင်ပညာရှင် (Expert)၊ တတ်သိပညာရှင်(Consultant)အဆင့်အထိ ရောက်ရှိလာရန် ယနေ့အချိန်တွင် ဥပဒေနှင့်အညီ ပြဋ္ဌာန်းဆောင်ရွက်နေကြခြင်း ဖြစ်သည်။

**မကြာခင်မှာ ကျင်းပတော့မည်**

ပညာရေးညီလာခံသည် မကြာခင်မှာ ကျင်းပတော့မည်ဖြစ်သည့်အတွက် ညီလာခံ၌ အခြေခံပညာရေးကဏ္ဍ၊ အဆင့်မြင့်ကဏ္ဍ၊ အသက်မွေးဝမ်းကျောင်းပညာကဏ္ဍများ ထည့်သွင်းဆွေးနွေးရာတွင် အထူးသဖြင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍမှာ ကျောင်းသင်ခန်းမှ ပြီးဆုံးပြီး ဆက်လက်လေ့ကျင့် သင်ကြားပေးရမည့် ကျောင်းသင်ခန်းလွန် အစီအစဉ်များကို ထည့်သွင်းစဉ်းစားဆွေးနွေးရန် ပြင်ဆင်နေခြင်းကို သိရှိရသည့်အတွက် များစွာဝမ်းမြောက်မိသည်။

နောက်တစ်ချက်အနေဖြင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍတွင် သင်ကြားပေးမည့် သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးဇယားများ၊ အချိန်ကာလများသည်လည်း ဒေသတွင်းနှင့် နိုင်ငံတကာမှ လက်ခံနိုင်သော သင်ရိုးညွှန်းတမ်းများ၊ အချိန်ကာလများ ဖြစ်ခဲ့ပါက “ကျွဲကူးရေပါ” သင်တန်းကာလပြီးဆုံးသည်နှင့် အသိအမှတ်ပြုမှုကိုပါ တစ်ပါတည်းရရှိနိုင်မည် ဖြစ်သည့်အတွက် ကျွန်တော်တို့ လူငယ်များ၏ ပညာအရည်အချင်းနှင့် လုပ်ငန်းကျွမ်းကျင်မှု (Qualfication and Competency) သည်လည်း နိုင်ငံတကာ အသိအမှတ်ပြုမှုကို ရရှိမည်ဖြစ်သည်။

ကျွန်တော်တင်ပြနေသည့် အချက်သည် ကျောင်းသား ကျောင်းသူများကို နိုင်ငံခြားသို့ သွားပြီး အလုပ်လုပ်ရန်အတွက် ဆွေးနွေးနေခြင်း မဟုတ်ပါ။ ပြည်တွင်းလုပ်ငန်းများ၌ အရည်အချင်းပြည့်ဝသည့် ပညာရှင်များ ပေါ်ပေါက်ရန်အတွက် ဖြစ်သည်။ ယခုဆိုလျှင် ကျွန်တော်တို့နိုင်ငံတွင် အာဆီယံအဆင့် အင်ဂျင်နီယာ ၆၀၀ ကျော်၊ စာရင်းပညာရှင် ၄၀၀ ကျော်ခန့် ရှိနေပြီဖြစ်သော်လည်း အဆိုပါအင်ဂျင်နီယာ ၆၀၀ ကျော်လောက်တွင် အင်မတန်နည်းပါးသည့် အရေအတွက်လောက်သာ အလုပ်ရနေကြသည်။ ဒေသတွင်းနိုင်ငံများအနေဖြင့် ၎င်းတို့၏အကျိုးစီးပွားကို ဦးတည်ပြီး Free Trade Area၊ MRA၊ Trade in Services တို့ ပြောဆိုနေကြသော်လည်းပဲ သူတို့အကျိုးစီးပွားအတွက် တစ်ကွက်ချန်ကာ အမြဲကာကွယ်ထားကြပြီး ကျွန်တော်တို့နိုင်ငံတွင်ရှိသော အလုပ်အကိုင်အခွင့်အလမ်းများကိုတော့ လာယူနေကြသည်ကို တွေ့မြင်ရသည်။

သို့အတွက်ကြောင့် ဖွဲ့စည်းထားသည့် ပညာရပ်ကောင်စီ (PRA) များသည် ကျွန်တော်တို့၏ ကျွမ်းကျင်သော ပညာရှင်များ အလုပ်အကိုင်အခွင့်အလမ်း မဆုံးရှုံးစေရန်အတွက် ပြည်ပမှ ပညာရှင်များဝင်လာပြီး စည်းမဲ့ကမ်းမဲ့ နေရာယူသွားမှုမဖြစ်စေရေး ကာကွယ်ပေးနေရခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့် ကျွန်တော်တို့၏ ဘွဲ့သင်တန်းများကို နိုင်ငံတကာသဘောတူညီမှုနှင့်အညီ လေ့ကျင့်သင်ကြားထားပြီး စိစစ်အသိအမှတ်ပြုမှုများပြုလုပ်ထားပါက ကျွန်တော်တို့၏ ပညာရှင်များနေရာကို အလွယ်တကူ နေရာဝင်ယူခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။ သို့အတွက်ကြောင့် အတတ်ပညာရှင်များနှင့် သက်မွေးပညာရှင်များအတွက် ကာကွယ်ပေးသည့်အနေဖြင့် လိုအပ်ချက်ဖြစ်သော ဘွဲ့သင်တန်းများ စိစစ်အသိအမှတ်ပြုမှု (Accreditation) လုပ်ငန်းကို အာရုံစိုက်ပြီး လုပ်ဆောင်ပေးကြရန်၊ ကျောင်းသင်ခန်းလွန် လေ့ကျင့်ပေးမှု၊ ပညာပေးမှု သင်တန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးရန် တင်ပြဆွေးနွေးကြမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာနှင့် ပညာရေးညီလာခံ ၂၀၂၃ အား ကြိုဆိုထောက်ခံအပ်ပါသည်။ ။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ကျိုင်းတုံမြို့ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် မေ ၁၃**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် မေ ၁၂ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ် စီမံကိန်းဦးစီးရုံး(ရုံးခွဲ)သို့ ရောက်ရှိပြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နှစ်အလိုက်စီမံကိန်းများကို လျာထားချက်အလိုက် အောင်မြင်စွာ အကောင်အထည်ဖော်ရေး၊ စာရင်းကောက်ယူမှုများ ပြုလုပ်ရာတွင် စာရင်းအင်းအချက်အလက်များ မှန်ကန်စေရေး၊ အရည်အသွေးပြည့်မီသောချေးငွေများကို ထုတ်ချေးနိုင်ရေး၊ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အခွန်လျာထားချက်ပြည့်မီအောင် ကောက်ခံနိုင်ရေး၊ MSME လုပ်ငန်းရှင်များကို ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး၊ ငွေရေးကြေးရေးဆိုင်ရာ ဆောင်ရွက်သည့်အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ရေးနှင့် အခြားသောဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးတို့ကို မှာကြားပြီး တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ကျိုင်းတုံမြို့ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင်ကျင်းပသော (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာဥပဒေရေးရာဖိုရမ်သို့ တက်ရောက်

**နေပြည်တော် မေ ၁၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် (၁၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ် (11th St. Petersburg International Legal Forum)ကို မေ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပရာ အဆိုပါဖိုရမ်သို့ ရုရှားနိုင်ငံ တရားရေးဝန်ကြီးဌာန တရားရေးဝန်ကြီး H.E.Honorable Mr.Konstantin A. Chuychenko ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်လျက်ရှိသည်။




### တက်ရောက်

အဆိုပါအပြည်ပြည်ဆိုင်ရာဥပဒေရေးရာဖိုရမ်သို့ နိုင်ငံတကာမှ တရားသူကြီးချုပ်များ၊ ဥပဒေရေးရာဝန်ကြီးများ၊ တရားရေးဝန်ကြီးများ၊ ရှေ့နေရှေ့ရပ်များ၊ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ဥပဒေပါမောက္ခများ၊ အပြည်ပြည်ဆိုင်ရာရှေ့နေများ၊ တရားရေးနှင့် ဥပဒေရေးရာဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် (၁၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာဥပဒေရေးရာဖိုရမ် (11th St. Petersburg International Legal Forum) ကျင်းပနေစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးဌာနတို့အကြား ဥပဒေရေးရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာ (Memorandum of Cooperation) ကိုလက်မှတ်ရေးထိုးခဲ့သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံက မြန်မာနိုင်ငံ၏ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လက်မှတ်ရေးထိုးရန် အဆိုပြုထားသည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာ (Memorandum of Cooperation)များတွင် ဥပဒေရေးရာဝန်ကြီးဌာနသို့ အဆိုပြုထားသော ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာစာချွန်လွှာ (Memorandum of Cooperation) နှစ်ခုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတရားရေးဝန်ကြီးဌာနတို့နှင့် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက မြန်မာနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၀-၂၀၂၄ မဟာဗျူဟာစီမံကိန်းကို "တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု" ခေါင်းစဉ်ဖြင့် ရည်မှန်းချက် ငါးခုချမှတ်ကာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းရည်မှန်းချက်တွင် ကမ္ဘာ့နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးဌာနတို့အကြား Memorandum of Cooperation စာချုပ်ကို ယခု (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ် (11th St. Petersburg International Legal Forum) ကျင်းပနေသည့်ကာလအတွင်း လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက Interaction between Ministries of Justice: New Trends and Approaches ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ဥပဒေအရာရှိများ သင်တန်းပေးပြီး ၎င်းတို့၏ဥပဒေပညာအရည်အချင်းနှင့် လုပ်ငန်းကျွမ်းကျင်မှုအရည်အချင်းများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် မှတ်တမ်းတင်ထားရှိကြောင်း၊ ဆိုက်ဘာမှုခင်းများ၊ ဒစ်ဂျစ်တယ်မှုခင်းများ၊ လူကုန်ကူးမှု မှုခင်းများအစရှိသော ပြစ်မှုများသည် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်ရာ ထိုသို့သောမှုခင်းများကို ကာကွယ်တားဆီးတိုက်ဖျက်ရန်အတွက် နိုင်ငံတစ်နိုင်ငံတည်းက ရပ်တည်ဆောင်ရွက်၍မရကြောင်း၊ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုသာ ယင်းကဲ့သို့သောမှုခင်းများကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ ထိုသို့ပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ၏ ဥပဒေစနစ်မတူညီခြင်း၊ ဘာသာစကားမတူညီခြင်း၊ နိုင်ငံရေးမူဝါဒနှင့် ယဉ်ကျေးမှုဓလေ့မတူညီခြင်းတို့ကြောင့် ပူးပေါင်းဆောင်ရွက်ရာတွင် အခက်အခဲများရှိမည်ဖြစ်သော်လည်း ပြည်တွင်းဥပဒေများ၊ နိုင်ငံတကာစာချုပ်များ၊ တရားမျှတမှုဆိုင်ရာ အဖွဲ့အစည်းများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတစ်နိုင်ငံချင်းအလိုက် ကျင့်သုံးလျက်ရှိသော ဥပဒေစနစ်များကို နားလည်သဘောပေါက်ထားရန် လိုအပ်မည်ဖြစ်ကြောင်း။

### လိုက်နာဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် အာဆီယံပဋိညာဉ်ကိုလိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများကို နီးကပ်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနသည်အာဆီယံဥပဒေရေးရာဝန်ကြီးများအစည်းအဝေး (ASEAN Law Ministers' Meeting – ALAWMM)နှင့် အာဆီယံအဆင့်မြင့်ဥပဒေအရာရှိများအစည်းအဝေး (ASEAN Senior Law Official Meeting – ASLOM) တို့တွင် အဓိကပါဝင်ဆောင်ရွက်သည့် ဝန်ကြီးဌာနအနေဖြင့် အာဆီယံဥပဒေရေးရာကိစ္စရပ်များ၊ ပြစ်မှုဆိုင်ရာဥပဒေကိစ္စရပ်များတွင် ပါဝင်ဆွေးနွေးလျက်ရှိကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးနှင့်လည်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာစာချွန်လွှာ (Memorandum of Cooperation) ကို သီးခြားလက်မှတ်ရေးထိုးလျက် ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လာအိုနိုင်ငံ ရှေ့နေချုပ်ရုံးနှင့်လည်း ပြစ်မှုဆိုင်ရာဥပဒေနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းနည်းတူ စင်ကာပူ တရားရေးဝန်ကြီးဌာနနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ခဲ့ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

■

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ကျိုင်းတုံစိုက်ပျိုးရေးသုတေသနခြံအတွင်း သီးနှံမျိုးများအလိုက် စမ်းသပ်စိုက်ပျိုးထားရှိမှုများနှင့် သုတေသနစိုက်ကွင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော်　မေ　၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မေ ၁၂ ရက် မွန်းလွဲပိုင်းက ကျိုင်းတုံစိုက်ပျိုးရေးသုတေသနခြံအတွင်း သီးနှံမျိုးများအလိုက် စမ်းသပ်စိုက်ပျိုးထားရှိမှုများနှင့် သုတေသနစိုက်ကွင်းများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ်ပြည်ထောင်စုဝန်ကြီးက ဒေသရေမြေရာသီဥတု သဘာဝအရင်းအမြစ်များ ထိန်းသိမ်းနိုင်မည့် စိုက်ပျိုးနည်းစနစ်များ ဖော်ထုတ်ဆောင်ရွက်ရန်၊ သုတေသနရလဒ်များအပေါ် အခြေခံ၍ တောင်သူအကျိုးအမြတ် အများဆုံးရနိုင်မည့် သီးနှံများ ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ တောင်သူ အသိပညာပေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး သုတေသနစခန်းအတွင်း တစ်နှစ် သုံးသီးစမ်းသပ်စိုက်ပျိုးနိုင်ရေးအတွက် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်နိုင်ရန် စီမံပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျိုင်းတုံစိုက်ပျိုးရေးသုတေသနခြံအတွင်း ဒေသနှင့်ကိုက်ညီသည့် ပြည်တွင်း ပြည်ပ သစ်သီးမျိုးများ စမ်းသပ်စိုက်ပျိုးလေ့လာနေမှုများ၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ပေးနိုင်ရေးနှင့် စိုက်ပျိုးသူတောင်သူများ အကျိုးအမြတ်များစေမည့် ကိုင်းကူးနည်းဖြင့် ကိုင်းကူးကိုင်းဆက် ပျိုးပင်များ ထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးပြီး သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# မှော်ဘီမြို့နယ်၌ စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း (ညောင်နှစ်ပင်နှင့်ငါးဆူတောင်)များ ဖွင့်လှစ်နိုင်ရေး ဆွေးနွေးပွဲကျင်းပ

**မှော်ဘီ　မေ　၁၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း (ညောင်နှစ်ပင်နှင့်ငါးဆူတောင်) များ ဖွင့်လှစ်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း (ညောင်နှစ်ပင်)၌ ကျင်းပသည်။

ရေးဦးစွာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ)မှ ဒေါ်ကေသီမြင့်က စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း (ညောင်နှစ်ပင်နှင့် ငါးဆူတောင်)များ ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေကို တင်ပြခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ မိဘများ၊ ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ပြီး သင်ကြားမည့် စာသင်ခန်းများနှင့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား တက်ရောက်

**နေပြည်တော်　မေ　၁၃**

အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားနှင့် ကာယပညာဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော် လယ်ဝေးမြို့နယ် အားကစားလေ့ကျင့်ရေးစခန်း(၂) (TC-2) ၌ ကျင်းပသည်။



အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်ဇနီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် တပ်ကုန်းမြို့နယ်အသင်းနှင့် လယ်ဝေးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်ကုန်းမြို့နယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ အကောင်းဆုံးဂိုးသမား ဆုတံဆိပ်နှင့်ငွေသားဆု၊ နောက်တန်း အကောင်းဆုံး အားကစားသမား ဆုတံဆိပ်နှင့်ငွေသားဆု၊ အလယ်တန်း အကောင်းဆုံးအားကစားသမားဆုတံဆိပ်နှင့် ငွေသားဆု၊ ရှေ့တန်းအကောင်းဆုံး အားကစားသမား ဆုတံဆိပ်နှင့် ငွေသားဆု၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံး အားကစားဆုတံဆိပ်နှင့်ငွေသားဆုများကို နေပြည်တော်ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ရဲမှူးကြီးကိုကိုလွင်၊ ဦးကျော်သိန်းဆိုင်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ တတိယဆုရရှိသည့် ပျဉ်းမနားမြို့နယ်အသင်းကို နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် လယ်ဝေးမြို့နယ် အသင်းကို နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်းက တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် ခုနစ်သိန်းကိုလည်းကောင်း၊ ပထမဆုရရှိသည့် တပ်ကုန်းမြို့နယ်အသင်းကို နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က တစ်ဦးချင်း ဆုတံဆိပ်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသည့် တပ်ကုန်းမြို့နယ်အသင်းကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးနဲမြို့နယ်၌ မြစိမ်းရောင်ကျေးရွာနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း သုံးသပ်ဆွေးနွေး

**မိုးနဲ　မေ　၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)လုပ်ငန်းများ မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို မေ ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာကော်မတီဝင်များက စီမံကိန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်လိုသည့် လုပ်ငန်းများကိုတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပေးခဲ့ကြောင်း သိရပြီး ဘဏ္ဍာနှစ်အလိုက် စီမံကိန်းလုပ်ငန်းများ အကောင်းဆုံး အကောင်အထည်ဖော်ဆောင်နိုင်သော ကျေးရွာသုံးရွာကို တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။　**ဝိုးတောင်း**



# ပုဂ္ဂလိကပညာရေးဥပဒေပြဋ္ဌာန်း

**(ယမန်နေ့မှ အဆက်)**

၃၁။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်–

(က) သင်ကြားနည်းနှင့် စစ်ဆေးအကဲဖြတ်နည်းများကို သင်ရိုးညွှန်းတမ်းအညွှန်းဘောင်နှင့်အညီ ဆောင်ရွက်ခြင်း၊

( ခ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအမျိုးအစားအလိုက် ထားရှိရမည့် ကြီးကြပ်ရေးအဖွဲ့က သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

( ဂ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ သင်တန်းများတွင် ဘာသာရပ်အလိုက် သင်ကြားမည့် ပုဂ္ဂလိကကျောင်းဆရာ၏ အရည်အသွေးသည် ဝန်ကြီးဌာနက ချမှတ်ထားသော အရည်အသွေးပိုင်းဆိုင်ရာ မူဝါဒနှင့် ညီညွတ်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေအရ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံခြင်း၊

(ဃ) ပုဂ္ဂလိကကျောင်းဆရာဦးရေ လုံလောက်မှုရှိခြင်း၊

( င ) ပုဂ္ဂလိကကျောင်းဆရာ၏ သင်ကြားမှုအရည်အသွေး တိုးတက်စေရေးအတွက် ဆောင်ရွက်ခြင်း၊

( စ ) သင်ယူသူများ စည်းကမ်းလိုက်နာစေရေး၊ အကျင့်စာရိတ္တကောင်းမွန်စေရေးနှင့် ကျန်းမာကြံ့ခိုင်စေရေးတို့ကို ဆောင်ရွက်ခြင်း၊

(ဆ) သင်တန်းပြီးဆုံးကြောင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ရာတွင် သတ်မှတ်အရည်အချင်း ပြည့်မီကိုက်ညီရေး ဆောင်ရွက်ခြင်း၊

( ဇ ) သင်တန်းပြီးဆုံးကြောင်း လက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ သို့မဟုတ် ဘွဲ့ကို သတ်မှတ်ထားသောအချိန်အတွင်း ပေးအပ်ခြင်း၊

( ဈ ) ကျောင်းတက်ချိန်၊ ကျောင်းဆင်းချိန်များကို ကြိုတင်သတ်မှတ်၍ ဆောင်ရွက်ခြင်း၊

(ည) နှစ်ပတ်လည်အစီရင်ခံစာကို သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ နှစ်စဉ်တင်သွင်းခြင်း၊

( ဋ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် သက်ဆိုင်သည့် စာရင်းအင်းအချက် အလက်များကို စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့က လိုအပ်၍တောင်းခံလျှင် တင်ပြခြင်း၊

( ဌ ) နိုင်ငံခြားသားပုဂ္ဂလိကကျောင်းဆရာသို့မဟုတ်နိုင်ငံခြားသား စီမံအုပ်ချုပ်သူ သို့မဟုတ် နိုင်ငံခြားသားဝန်ထမ်းများကို ခန့်အပ်ခြင်း၊ တာဝန်မှရပ်ဆိုင်းခြင်း၊ ထုတ်ပယ်ခြင်း သို့မဟုတ် အလုပ်ခန့်ထားမှုဆိုင်ရာ စာချုပ်ရပ်စဲခြင်း ပြုလုပ်လျှင် ထိုသို့ပြုလုပ်သည့်နေ့မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြခြင်း၊

( ဍ ) ကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့တို့က အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊

( ဎ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့တို့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃၂။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအခြေခံပညာကျောင်းများသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် –

(က) နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက အခြေခံပညာကျောင်းများမှအပ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအခြေခံပညာကျောင်းများတွင် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်စေရန်၊ မြန်မာ့ယဉ်ကျေးမှု မပျောက်ပျက်စေရန် မြန်မာစာ၊ မြန်မာ့သမိုင်းနှင့် မြန်မာ့ပထဝီဝင်အပါအဝင် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက သတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းအပြည့်အစုံကို သင်ကြားခြင်း၊

( ခ ) နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက အခြေခံပညာကျောင်းများတွင် မြန်မာနိုင်ငံသား သင်ယူသူများအား ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်စေရန်၊ မြန်မာ့ယဉ်ကျေးမှု မပျောက်ပျက်စေရန် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက သတ်မှတ်ထားသည့် မြန်မာစာ၊ မြန်မာ့သမိုင်းနှင့် မြန်မာ့ပထဝီဝင် သင်ရိုးညွှန်းတမ်းအပြည့်အစုံကို သင်ကြားခြင်း၊

( ဂ ) နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက အခြေခံပညာကျောင်းများတွင် မြန်မာစာသင်ကြားလိုသော နိုင်ငံခြားသား သင်ယူသူများအား သက်ဆိုင်ရာအတန်းနှင့် လိုက်လျောညီထွေသည့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက သတ်မှတ်ထားသော မြန်မာစာသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားခြင်း။

၃၃။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် –

(က) သက်ဆိုင်ရာဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

( ခ ) သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း၊

( ဂ ) သတ်မှတ်သင်တန်းများ တက်ရောက်နေဆဲဖြစ်စေ၊ ပြီးဆုံးအောင်မြင်ပြီးနောက်ဖြစ်စေ ဆက်လက်ပညာသင်ယူလိုသော သင်ယူသူအတွက် ကူးပြောင်းချိတ်ဆက်သင်ယူခွင့် အစီအစဉ်များ စနစ်တကျ ရေးဆွဲချမှတ်ထားခြင်း၊

(ဃ) သင်တန်းပြီးဆုံးကြောင်း လက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့၊ ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ခြင်းကို အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

( င ) နည်းပညာနှင့် သက်မွေးပညာရေးအဆင့် ခွဲခြားသတ်မှတ်ခြင်းကို အမျိုးသားပညာရေးဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

၃၄။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် –

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် တက္ကသိုလ်ဖြစ်ပါက သက်ဆိုင်ရာတက္ကသိုလ်အလိုက် ပဋိညာဉ်စာတမ်းရေးဆွဲပြီး ဝန်ကြီးဌာန၏ အတည်ပြုချက်ရယူခြင်း၊

( ခ ) တက္ကသိုလ်၏ စီမံခန့်ခွဲရေးကို သက်ဆိုင်ရာ တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ ဆောင်ရွက်ခြင်း၊

( ဂ ) အသုံးချသုတေသနလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ခြင်း၊

(ဃ) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များကို အပ်နှင်းချီးမြှင့်ခြင်း၊

( င ) ဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့များ၊ လူမှုရေးနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များကို သက်ဆိုင်ရာ တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

( စ ) သတ်မှတ်သင်တန်းများ တက်ရောက်နေဆဲဖြစ်စေ၊ ပြီးဆုံးအောင်မြင်ပြီးနောက်ဖြစ်စေ ဆက်လက်ပညာသင်ယူလိုသော သင်ယူသူအတွက် ကူးပြောင်းချိတ်ဆက်သင်ယူခွင့် အစီအစဉ်များ စနစ်တကျရေးဆွဲချမှတ်ထားခြင်း။

၃၅။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ သင်ယူသူများသည်–

(က) အစိုးရကျောင်း၏ သင်ယူသူများနည်းတူ သက်ဆိုင်ရာ အရည်အသွေးသတ်မှတ်ချက်များနှင့်အညီ သင်ကြားသင်ယူမှုနှင့် ပညာရည်ဖွံ့ဖြိုးမှု အခွင့်အလမ်းများ ရရှိရမည်။

( ခ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများနှင့် အစိုးရကျောင်းများအကြား အရည်အသွေးသတ်မှတ်ချက်များနှင့် အညီ ဆက်သွယ်ကူးပြောင်းသင်ယူနိုင်သည်။

( ဂ ) နိုင်ငံတော်က သတ်မှတ်ထားသည့် ပညာရေးအဆင့် ပြီးမြောက်ကြောင်းစာမေးပွဲကို သတ်မှတ်ချက်နှင့်ကိုက်ညီပါက ဝင်ရောက်ဖြေဆိုနိုင်သည်။

**အခန်း (၁၀)**

**ပုဂ္ဂလိကကျောင်းဆရာ**

၃၆။ (က) ကိုယ်ပိုင်သို့မဟုတ်ပုဂ္ဂလိကကျောင်းတွင်ပုဂ္ဂလိကကျောင်းဆရာအဖြစ် ဆောင်ရွက်လိုသူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် –

(၁) မြန်မာနိုင်ငံသားဖြစ်ပါက သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(၂) နိုင်ငံခြားသားဖြစ်ပါက သက်ဆိုင်ရာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

( ခ ) ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှစ၍ သုံးနှစ်ဖြစ်သည်။ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက ခွင့်ပြုသက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ လျှောက်ထားရမည်။

၃၇။ ပုဂ္ဂလိကကျောင်းဆရာအဖြစ် မှတ်ပုံတင်ခွင့်ရရှိသူသည် သက်ဆိုင်ရာဌာန ငွေစာရင်းသို့ သတ်မှတ်ထားသော မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးပေးသွင်းပြီး မှတ်ပုံတင်လက်မှတ် ရယူရမည်။

၃၈။ ပုဂ္ဂလိကအခြေခံပညာကျောင်းဆရာသည် အနည်းဆုံး အောက်ပါအရည်အချင်း သတ်မှတ်ချက်တစ်ရပ်ရပ်နှင့် ကိုက်ညီသူဖြစ်ရမည်–

(က) ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အလိုက် မဟာဘွဲ့၊ ပါရဂူဘွဲ့ သို့မဟုတ် ပညာရေးဘွဲ့ ရရှိသူ၊

( ခ ) ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ဆရာအတတ်ပညာဆိုင်ရာ ဒီပလိုမာ သို့မဟုတ် လက်မှတ်ရရှိသူ၊

( ဂ ) ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ဝန်ကြီးဌာနကဖွင့်လှစ်သော ဆရာအတတ်ပညာ ရက်တိုသင်တန်းဆင်းလက်မှတ်ရရှိသူ၊

(ဃ) ပုဒ်မခွဲ(က)မှ (ဂ)အထိ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံမှုမရှိသော်လည်း ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး တက္ကသိုလ်၊ ကောလိပ် သို့မဟုတ် အခြေခံပညာကျောင်းဆရာဖြစ်စေ၊ နိုင်ငံတော်မှ ခွင့်ပြုထားသည့် ဘာသာရပ်ဆရာဖြစ်စေ ဆောင်ရွက်ခဲ့ပြီး ဘာသာရပ်ဆိုင်ရာ သင်ကြားမှုအတွေ့အကြုံ အနည်းဆုံး ငါးနှစ်ရှိသူ။

၃၉။ ပုဂ္ဂလိကနည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းဆရာသည် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ ဖြစ်ရမည်။

၄၀။ ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းဆရာသည် ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အလိုက် မဟာဘွဲ့ သို့မဟုတ် ပါရဂူဘွဲ့ ရရှိထားသူ ဖြစ်ရမည်။

၄၁။ ပုဂ္ဂလိကကျောင်းဆရာသည် –

(က) နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေရမည်။

( ခ ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လိုက်နာရမည်။

( ဂ ) မိမိအားပေးအပ်ထားသော တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရမည်။

(ဃ) အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာ ပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ရမည်။

( င ) တာဝန်အရအပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ရမည်။

( စ ) လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရမည်။

**အခန်း (၁၁)**

**အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှု**

၄၂။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် အမျိုးသားပညာရေးအဆင့်မူဘောင်ကိုကိုးကား၍ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီကချမှတ်သည့် ပညာအရည်အသွေးဆိုင်ရာ စံနှုန်းများအတိုင်း ပညာအရည်အသွေး တိုးတက်မှုအတွက် ဆောင်ရွက်ရမည်။

၄၃။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအသီးသီးသည် –

(က) အသိအမှတ်ပြုမှုရရှိရေး၊ အရည်အသွေးအာမခံမှုရှိရေး ကိစ္စများနှင့်စပ်လျဉ်း၍ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

( ခ ) အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက သတ်မှတ်သောအဆင့်အလိုက် အရည်အသွေးအာမခံမှုဆိုင်ရာ စစ်ဆေးခြင်းများကို ခံယူရမည်။

၄၄။ အောက်ဖော်ပြပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများသည် သက်ဆိုင်ရာ ဥပဒေနှင့်အညီ သတ်မှတ်ထားသော အမျိုးသားပညာရေးအဆင့်မူဘောင်နှင့်လည်းကောင်း၊ စံချိန်စံညွှန်းများနှင့်လည်းကောင်း ကိုက်ညီရမည်–

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကနည်းပညာနှင့် သက်မွေးဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေးကျောင်း၊

( ခ ) ဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်သည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း။

**အခန်း (၁၂)**

**ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အပြီးပိတ်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းခြင်း**

၄၅။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို အပြီးပိတ်သိမ်းလိုပါက ရက်ပေါင်း ၁၂၀ ကြိုတင်၍ အကြောင်းပြချက် ခိုင်လုံစွာ ဖော်ပြထားသည့် **စာမျက်နှာ ၁၁ သို့ »»**

»»» စာမျက်နှာ ၁၀ မှ

ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အပြီးပိတ်သိမ်းခွင့် လျှောက်လွှာကို သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၄၆။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အပြီးပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ စာရင်းရှင်းလင်းရေးအတွက် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၄၇။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို အပြီးပိတ်သိမ်းပါက ပုဂ္ဂလိကကျောင်းဆရာနှင့် ဝန်ထမ်းများကို အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ ဆောင်ရွက်ရမည်။

၄၈။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို အပြီးပိတ်သိမ်းပါက သင်ကြားပြီးဆုံးသော ပညာသင်နှစ်အတွက်မှအပ ကျန်ရှိသော ပညာသင်နှစ်အတွက် သင်ယူသူများ ကြိုတင်ပေးသွင်းထားသော ကျောင်းလခ၊ သင်တန်းကြေးနှင့် အခြားအခကြေးငွေများ ရှိပါက ယင်းတို့ကို အပြည့်အဝ ပြန်လည်ပေးအပ်ရမည်။

၄၉။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို အပြီးပိတ်သိမ်းလိုပါက ပုဒ်မ ၄၈ ပါ ကိစ္စရပ်များကို ပြီးစီးအောင် ဆောင်ရွက်၍ စည်းကမ်းချက်များနှင့်အညီ စာရင်းရှင်းလင်းပြီးမှသာ သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့ထံသို့ လျှောက်ထားရမည်။

၅၀။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အပြီးပိတ်သိမ်းခွင့်ပြုသည့်အခါ ပညာရေးဆိုင်ရာလက်မှတ် သို့မဟုတ် အထောက်အထားကို သင်ယူသူအတွက် ထုတ်ပေးရန်လိုအပ်လျှင် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သောဌာနသည် ယင်းကျောင်းကိုယ်စား ပညာရေးဆိုင်ရာလက်မှတ် သို့မဟုတ် အထောက်အထားကို သင်ယူသူအား သတ်မှတ်ချက်နှင့်ညီညွတ်ပါက ထုတ်ပေးရမည်။

## အခန်း (၁၃)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၅၁။ ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၂၈၊ ပုဒ်မ ၃၀၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၃ နှင့် ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ထောင်သူ၊ စီမံအုပ်ချုပ်သူ သို့မဟုတ် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအား အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) စာဖြင့်သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

(င) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်၍ အမည်ပျက်စာရင်းထည့်သွင်းခြင်း။

၅၂။ ကြီးကြပ်ရေးအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သော ပုဂ္ဂလိကကျောင်းဆရာအား စာဖြင့်သတိပေးခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း ပြုရမည်။

၅၃။ ကြီးကြပ်ရေးအဖွဲ့ကချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ဝန်ကြီးဌာနက ဖွဲ့စည်းသော အယူခံအဖွဲ့သို့ အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အယူခံဝင်ရောက်နိုင်သည်။

၅၄။ ဝန်ကြီးဌာနသည် သင့်လျော်သောပုဂ္ဂိုလ် အနည်းဆုံး သုံးဦးပါဝင်သော အယူခံအဖွဲ့ကို ဖွဲ့စည်းရမည်။

၅၅။ အယူခံအဖွဲ့သည် ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို ပြုလုပ်နိုင်သည်။

၅၆။ အယူခံအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

## အခန်း (၁၄)

## တားမြစ်ချက်များ

၅၇။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်မရှိဘဲ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

၅၈။ မည်သူမျှ စီမံခန့်ခွဲရေးနည်းလမ်းအရ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့်ကာလအတွင်း အဆိုပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို ဖွင့်လှစ်ခြင်းမပြုရ။

၅၉။ မည်သူမျှ-

(က) ကိုယ်ပိုင်သို့မဟုတ်ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လျှောက်လွှာတွင် အချက်အလက်များကို မမှန်မကန် ဖော်ပြခြင်းမပြုရ၊

(ခ) ကိုယ်ပိုင်သို့မဟုတ်ပုဂ္ဂလိကကျောင်း၏မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်တစ်ခုခုကို ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ပြင်ဆင်ပြောင်းလဲခြင်းမပြုရ၊

(ဂ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် စပ်လျဉ်း၍ မမှန်မကန် ကြော်ငြာခြင်းမပြုရ၊

(ဃ) ဤဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိဘဲ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအဖြစ် ကြော်ငြာခြင်းမပြုရ၊

(င) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို အခြားသူ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား လွှဲပြောင်းသုံးစွဲခွင့်မပြုရ၊

(စ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ အပြီးပိတ်သိမ်းခြင်း သို့မဟုတ် အချင်းချင်းပေါင်းစည်းခြင်း မပြုရ။

၆၀။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အမည်နှင့်စပ်လျဉ်း၍ ပြည်တွင်း သို့မဟုတ် ပြည်ပရှိ ကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းတစ်ခုခုနှင့် တရားဝင်ပေါင်းစပ်မှုရှိသည်ဟု အများပြည်သူထင်ယောင်ထင်မှားဖြစ်စေသော အမည်နှင့် အသုံးအနှုန်းများကို သုံးစွဲခြင်းမပြုရ။

၆၁။ မည်သူမျှ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ် မရှိသောသူကို ပုဂ္ဂလိကကျောင်းဆရာအဖြစ် ခန့်အပ်ခြင်း သို့မဟုတ် သင်ကြားစေခြင်းမပြုရ။

၆၂။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ ပရိဝုဏ် သို့မဟုတ် အဆောက်အဦတွင် ဥပဒေနှင့်ဆန့်ကျင်သော လုပ်ဆောင်မှုများ၊ အများပြည်သူကို ထိခိုက်နစ်နာစေသော လုပ်ဆောင်မှုများ၊ ကျောင်းလုပ်ငန်းနှင့် လျော်ကန်မှုမရှိသော လုပ်ဆောင်မှုများ မပြုလုပ်ရ။

၆၃။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းတွင် နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေး၊ သို့မဟုတ် အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေနိုင်သောလုပ်ရပ်များ မပြုလုပ်ရ။

၆၄။ မည်သူမျှ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်မရှိဘဲ ပုဂ္ဂလိကကျောင်းဆရာအဖြစ် ဆောင်ရွက်ခြင်းမပြုရ။

၆၅။ မည်သူမျှ စီမံခန့်ခွဲရေးနည်းလမ်းအရ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် ကာလအတွင်း ပုဂ္ဂလိကကျောင်းဆရာအဖြစ် ဆောင်ရွက်ခြင်းမပြုရ။

၆၆။ မည်သူမျှ-

(က) ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လျှောက်လွှာတွင် အချက်အလက်များကို မမှန်မကန်ဖော်ပြခြင်း မပြုရ၊

(ခ) ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်တစ်ခုခုကို ခွင့်ပြုချက်မရဘဲ ပြင်ဆင်ပြောင်းလဲခြင်းမပြုရ၊

(ဂ) ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ကို အခြားသူအား လွှဲပြောင်းခြင်းမပြုရ။

၆၇။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများတွင် ဘာသာရေးကိုထိခိုက်စေမည့် အကြောင်းအရာများ၊ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော အကြောင်းအရာများကို ဟောပြောခြင်း၊ ပို့ချခြင်း၊ ထည့်သွင်းပြောကြားခြင်း၊ သင်ကြားခြင်း၊ ဆွေးနွေးခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ခြင်းမပြုရ။

၆၈။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများတွင် နိုင်ငံတော်မူဝါဒနှင့်ဆန့်ကျင်သော ပါတီနိုင်ငံရေးဆိုင်ရာ အကြောင်းအရာများနှင့် နိုင်ငံရေးအကြောင်းအရာများကို ဟောပြောခြင်း၊ ပို့ချခြင်း၊ ထည့်သွင်းပြောကြားခြင်း၊ သင်ကြားခြင်း၊ ဆွေးနွေးခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ခြင်းမပြုရ။

၆၉။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်တွင် ဖော်ပြထားသူမှအပ မည်သူမျှ တည်ထောင်သူနှင့် စီမံအုပ်ချုပ်သူအဖြစ် ဆောင်ရွက်ခြင်းမပြုရ။

## အခန်း (၁၅)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၇၀။ မည်သူမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး နှစ်နှစ်ထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သိန်း ၃၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ ထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၁။ မည်သူမဆို ပုဒ်မ ၅၈၊ ပုဒ်မ ၅၉ နှင့် ပုဒ်မ ၆၀ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်ထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သိန်း ၂၀၀ မှ အများဆုံး ကျပ်သိန်း ၃၀၀ ထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၂။ မည်သူမဆို ပုဒ်မ ၆၁၊ ပုဒ်မ ၆၂ နှင့် ပုဒ်မ ၆၃ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး နှစ်နှစ်ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ၃၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ ထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ပုဒ်မ ၆၄ နှင့် ပုဒ်မ ၆၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၅၀ ထိချမှတ်ရမည်။

၇၄။ မည်သူမဆို ပုဒ်မ ၆၆၊ ပုဒ်မ ၆၇ နှင့် ပုဒ်မ ၆၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၅၀ ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၅။ မည်သူမဆို ပုဒ်မ ၆၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်ထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၆)

## အထွေထွေ

၇၆။ တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူသည် ငွေကြေး၊ စက်ပစ္စည်း၊ ကျောင်းသုံးပစ္စည်း၊ နည်းပညာ၊ မူပိုင်ခွင့် အခွင့်အရေး၊ မြေ၊ အဆောက်အအုံ၊ စာသင်ခန်း၊ ပရိဘောဂတို့ကို လှူဒါန်းရရှိခြင်းဖြစ်လျှင် လှူဒါန်းခြင်းသဘောတူညီမှု အထောက်အထား၊ လှူဒါန်းသူအမည်၊ လှူဒါန်းပစ္စည်းအမျိုးအစားနှင့် အရေအတွက်၊ လိုအပ်သော အထောက်အထားများနှင့် ၎င်းတို့ကို အသုံးပြုမှုနှင့် စီမံခန့်ခွဲမှုတို့ကို တိကျစွာဖော်ပြထားသော မှတ်တမ်းထားရှိရမည်။

၇၇။ ဤဥပဒေအရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်သည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

၇၈။ ဤဥပဒေအရ -

(က) အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

(ခ) တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

(ဂ) ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူတစ်ဦးကို နစ်နာသူက မိမိ၏ နစ်နာမှုအတွက် တရားမကြောင်းအရလည်း တရားစွဲဆိုနိုင်သည်။

၇၉။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် မှတ်ပုံတင်လက်မှတ်ရရှိသည့်နေ့မှစ၍ ၎င်း၏ အမည်၊ အမှတ်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့် ရှိစေရမည်။

၈၀။ ဤဥပဒေ အာဏာမတည်မီ တည်ထောင်ထားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအားလုံးသည် ဤဥပဒေ အာဏာတည်သည့်နေ့မှစ၍ တစ်နှစ်အတွင်း ဤဥပဒေနှင့်အညီ မှတ်ပုံတင်၍ ဆောင်ရွက်ရမည်။

၈၁။ (က) ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ(၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၁၄)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ခ) ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ဤဥပဒေနှင့် မဆန့်ကျင်ပါက ဆက်လက်ကျင့်သုံးနိုင်သည်။

၈၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ကြီးကြပ်ရေးအဖွဲ့နှင့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့တို့သည် အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ တာဝန်များကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွှဲပြောင်း တာဝန်ထမ်းဆောင်လျက်ရှိပြီး နိုင်ငံတော်ကို စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၁၂) ရပ်တို့ကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နေချိန်တွင် ပြည်သူလူထုအား နိုင်ငံရေးဝါဒမှိုင်းတိုက်ပြီး နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေး ဦးတည်ဆောင်ရွက်လိုသူများက ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ် ရေးအစိုးရ (NUG)နှင့် NUG ၏ လက်ဝေခံဖြစ်သည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့ (PDF) အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများကို ဥပဒေမဲ့ တရားမဝင်ဖွဲ့စည်း၍ လက်နက်ကိုင် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသဖြင့် နိုင်ငံတော်က အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာခဲ့ပါသည်။

၂။ အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းများက အပြစ်မဲ့ပြည်သူများကို အကြောက်တရားဖြင့် ဝါဒမှိုင်းတိုက်၍ ဆွဲဆောင်စည်းရုံးကာ အကြမ်းဖက်အဖွဲ့အစည်းများသို့ ဝင်ရောက်စေခြင်း၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများရှိရာ ဒေသများသို့ စေလွှတ်၍ ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများ တက်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်စေခြင်းတို့ကို လုပ်ဆောင်စေခဲ့ပြီး လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများကို လုပ်ဆောင်စေခဲ့ပါသည်။ ၎င်းတို့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူအမြောက်အမြား အသက်ဆုံးရှုံးခဲ့ကြရပါသည်။ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများဖြစ်ပေါ်စေခဲ့ပါသည်။

၃။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည့်အတွက် ပြည်သူများ၏ စုပေါင်းအားဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်နိုင်မှသာ လိုရာပန်းတိုင်ကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသူများ၏ ဝါဒမှိုင်းအောက်မှ ရုန်းထွက်ကာ နိုင်ငံတော်တည်ဆောက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်သည့်အတွက် အကြောင်းအမျိုးမျိုးကြောင့် PDF အပါအဝင် အကြမ်းဖက်အဖွဲ့များအတွင်း ရောက်ရှိနေသူများ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများ အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်ရန်အတွက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်အပ်ပါသည်။ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ပါးအပေါ် ထိခိုက်နစ်နာစေမှုစသည့် ပြစ်မှုတစ်ခုခုကျူးလွန်ထားသူဖြစ်ပါက ဥပဒေအရ တရားရုံးတွင် အမှုရင်ဆိုင် ဖြေရှင်းရမည်ဖြစ်ပြီး နိုင်ငံတော် အစိုးရအနေဖြင့် ပြစ်မှုအတိုင်းအတာအပေါ် မူတည်၍ ဥပဒေကြောင်းအရ လိုအပ်သည့် ဖြေလျှော့မှုများကို ပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပါက လိုအပ်သည့် ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်နက်/ခဲယမ်းပါရှိလာသူများကို အောက်ပါအတိုင်း ဆုကြေးငွေ ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည် -

(က) ရိုင်ဖယ်အုပ်စုဝင်သေနတ် (၁)လက်ပါရှိပါက ကျပ် (၅၀) သိန်း၊

(ခ) ပစ္စတိုအုပ်စုဝင် သေနတ် (၁)လက်ပါရှိပါက ကျပ် (၂၀) သိန်း၊

(ဂ) ပြောင်းချော သေနတ် (၁)လက်ပါရှိပါက ကျပ် (၃၀) သိန်း၊

(ဃ) စိန်ပြောင်း၊ လောင်ချာ၊ အာပီဂျီ ကဲ့သို့သော လက်နက်များ (၁)လက်ပါရှိပါက ကျပ် (၇၅)သိန်း၊

(င) လက်လုပ် ပြောင်းချော သေနတ်၊ လက်လုပ် စိန်ပြောင်း၊ လက်လုပ် သေနတ် (၁)လက်ပါရှိပါက ကျပ်(၅)သိန်း၊

(စ) လက်လုပ် မိုင်းများ၊ လက်ပစ်ဗုံးများ ပါရှိပါက ကျပ်(၃) သိန်း၊

(ဆ) လက်နက်/ခဲယမ်းမှအပ အခြားအသုံးအဆောင်ပစ္စည်းများ (ဥပမာ- စကားပြောစက်) ပါရှိပါက ကျပ် (၂) သိန်း။

(ဇ) ဗုံးဖောက်ခွဲရေးအတွက် အသုံးပြုနိုင်သော Drone (၁) စင်းပါရှိပါက ကျပ် (၅၀)သိန်း။

၅။ သို့ဖြစ်ပါ၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပို့၍ ဝင်ရောက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## တရားမဝင်ကိုင်ဆောင်ထားသည့် လက်နက်ခဲယမ်းများအား လိုင်စင်လျှောက်ထားရန် အသိပေးထုတ်ပြန်ချက်

၁။ ယနေ့အချိန်ကာလတွင် အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူလူထုအပေါ် အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်မှုများကြောင့် ပြည်သူလူထုအတွင်း၌ လူပုဂ္ဂိုလ်လုံခြုံရေးကို စိုးရိမ်ကြသည့်အတွက် လက်နက်ခဲယမ်းများကို နည်းလမ်းမျိုးစုံဖြင့် ရှာဖွေကာ တရားမဝင်ကိုင်ဆောင်လျက်ရှိကြောင်း ကြားသိနေရပါသည်။ မူလရည်ရွယ်ချက်မှာ လူပုဂ္ဂိုလ်လုံခြုံရေးအတွက်ဖြစ်သော်လည်း လက်နက်ခဲယမ်းများ လက်ဝယ်ရှိနေချိန်တွင် လူ၏စိတ်သည် အချိန်မရွေးပြောင်းလဲသွားနိုင်ပြီး တရားမဝင် ကိုင်ဆောင်ထားခြင်းဖြစ်သဖြင့် တစ်ချိန်ချိန်တွင် တစ်လွဲအသုံးပြုမှုများဖြစ်ပေါ်လာနိုင်သည့်အပြင် ဥပဒေနှင့်လည်း ညီညွတ်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် တရားမဝင် လက်နက်ခဲယမ်း ကိုင်ဆောင်မှုများ လျော့နည်းပပျောက်စေရေးနှင့် လက်နက်ခဲယမ်းများကို တစ်လွဲအသုံးပြုမှုများ မဖြစ်ပေါ်စေရေးအတွက် လက်နက်ခဲယမ်း ကိုင်ဆောင်ခွင့်မူနှင့်အညီ စနစ်တကျလိုင်စင်ထုတ်ပေးရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင် လျှောက်ထားသည့်အခါ လျှောက်ထားသည့် သေနတ်အား မည်သို့မည်ပုံရရှိသည်ကို စစ်ဆေးမေးမြန်းသွားမည်မဟုတ်ဘဲ လျှောက်ထားလိုသည့် လက်နက်ခဲယမ်းနှင့်တကွ အပ်နှံလျှောက်ထားရမည်ဖြစ်ပါသည်။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင် လျှောက်ထားမှုအပေါ် လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူနှင့်အညီ စိစစ်၍ သတ်မှတ်ချက်နှင့် ကိုက်ညီသူများကို လိုင်စင်ထုတ်ပေးသွားမည်ဖြစ်ပါသည်။ သီးခြားထုတ်ပြန်ပေးမည့် သတ်မှတ်ကာလအတွင်း လက်နက်ခဲယမ်းအပ်နှံ၍ လိုင်စင်လျှောက်ထားခြင်းမရှိပါက ဖော်ထုတ်ဖမ်းဆီး၍ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## နေပြည်တော်၌ နွေရာသီ အင်္ဂလိပ်စာနှင့် ကွန်ပျူတာအခြေခံ သင်တန်းဆင်း




**နေပြည်တော် မေ ၁၃**

နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးဇေယျာလင်း၊ ဦးမြင့်စိုးနှင့် ဦးကျော်သိန်းဆိုင်တို့သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နွေရာသီ အင်္ဂလိပ်စာနှင့် ကွန်ပျူတာအခြေခံ သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင်များက အခြေခံသင်တန်းများတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသူများနှင့် တာဝန်ရှိသူများအား ဂုဏ်ပြုဆုများ၊ သင်တန်းဆင်းလက်မှတ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

အဆိုပါသင်တန်းများကိုပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ်ရှစ်မြို့နယ်ရှိ အခြေခံပညာကျောင်း ရှစ်ကျောင်း၌ ဧပြီ ၂၄ ရက်မှ မေ ၁၃ ရက်အထိ တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းသား ကျောင်းသားကျောင်းသူ ၈၅၂ ဦး တက်ရောက်သင်ကြားကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆီများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရုံးမှ တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြဝတီမင်းကြီး(၁)လမ်း (၅၁)ရပ်ကွက် မြောက်ဒဂုံမြို့နယ် ပညာရာမပရိယတ္တိစာသင်တိုက်တွင် ရဟန်း၊ သံဃာတော်များနှင့် စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်နှင့် ဆီများကို ဆက်ကပ်လှူဒါန်းကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများတွင် ဆွမ်း၊ ကွမ်းအခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၃**

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းသည် တဖြည်းဖြည်းအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်ပြီး ခန့်မှန်းချက်များအရ မြန်မာနိုင်ငံဘက်သို့ ဖြတ်သန်းဝင်ရောက်နိုင်သည့် အခြေအနေရှိနေသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားရှိခြင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များကို ဇာတ်တိုက်လေ့ကျင့်ခြင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ရေကြည်မြို့တို့၌လည်းကောင်း၊ ချင်းပြည်နယ် ဟားခါးမြို့ရှိ ပြည်နယ်မီးသတ်ရုံနေရာ၌လည်းကောင်း အသီးသီးစုဖွဲ့၍ နယ်မြေခံတပ်မတော်သားများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်မှုများ၊ ပြင်ဆင်စုဖွဲ့မှုများကို ဆောင်ရွက်ကြသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ဒေသခံပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အခြားအထောက်အကူပြုပစ္စည်းများ သိုလှောင်ထားရှိခြင်း၊ မုန်တိုင်းဒဏ်ခံကာကွယ်ရေးအဆောက်အအုံ (Cyclone Shelter) များ ပြင်ဆင်ထားရှိခြင်း၊ ရိက္ခာအမယ်ငါးမျိုးနှင့် သောက်သုံးရေ လုံလောက်စွာရရှိရန် ဆောင်ရွက်ထားရှိခြင်းတို့ကို သက်ဆိုင်ရာနယ်မြေအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်း မုန်တိုင်းအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု များပြားနိုင်သော အနိမ့်ပိုင်းရပ်ကွက်များနှင့် ပင်လယ်ကမ်းခြေတစ်လျှောက် ကျေးရွာများမှ ဒေသခံပြည်သူများအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်သည့် ကူညီကယ်ဆယ်ရေးအဖွဲ့များက မုန်တိုင်းဒဏ်ခံ ကာကွယ်ရေးအဆောက်အအုံ(Cyclone Shelter)များ၊ မူလစီမံသတ်မှတ်ထားသည့် ယာယီခိုလှုံရာစခန်းအသီးသီးတွင် စနစ်တကျရွှေ့ပြောင်း နေရာချထားပေးမှုနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အစည်းအဝေးတက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြောက်ဦးမြို့၌ မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့် ကျေးရွာများမှ ပြည်သူများအား မုန်တိုင်းဘေးအန္တရာယ်ခိုလှုံရာသို့ ပြောင်းရွှေ့လျက်ရှိ

**မြောက်ဦး မေ ၁၃**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သော ကျေးရွာများမှ ပြည်သူများအား မုန်တိုင်းဘေးအန္တရာယ်ခိုလှုံရာနေရာသို့ ယနေ့နံနက် ၈ နာရီက အောင်တပ်ရပ်ကွက် အောင်တပ်ချောင်းမှ စက်လှေများဖြင့် ရောက်ရှိလာသူများအား မြောက်ဦးမြို့ပေါ်ရှိဘုန်းကြီးကျောင်းများသို့ ပြောင်းရွှေ့ပေးလျက်ရှိသည်။

မုန်တိုင်းဘေးအန္တရာယ် ခိုလှုံရာသို့ ရောက်ရှိလာသည့် ပြည်သူများအား နယ်မြေခံတပ်မမှူး ဦးဆောင်၍ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်နိုင်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက် /ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှ မြို့ပေါ်ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းသို့ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကလေးသူငယ်များကို ကားပေါ်ရောက်ရှိအောင် လိုက်လံပို့ဆောင်ပေးလျက်ရှိသည်။

မြောက်ဦးမြို့နယ်အတွင်းမှ မုန်တိုင်းဘေးခိုလှုံရာသို့ ရောက်ရှိလာသည့်ကျေးရွာ ၅၀ ကျော်မှ လူဦးရေ ၃၄၅၀၀ အား ဘေးလွတ်သည့် ခိုလှုံရွှေ့ပြောင်းရာနေရာများသို့ ယနေ့နံနက်ပိုင်းက ပြောင်းရွှေ့ပေးလျက်ရှိကြောင်းနှင့် ရွှေ့ပြောင်းနေထိုင်ကြသော ပြည်သူများ၏ စားဝတ်နေရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဆန်၊ ဆီ၊ ဆား၊ ငါးပိများကို စုဆောင်းထားရှိပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှလည်း အိမ်ထောင်စု ၆၂၀၀ အတွက် ပစ္စည်း ၁၆ မျိုး အသင့်စုဆောင်းထားရှိပြီး လူမှုရေးအသင်းအဖွဲ့များ ကူညီထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် စစ်တွေမြို့၊ ပေါက်တောမြို့၊ မင်းပြားမြို့၊ ပုဏ္ဏားကျွန်း စသောမြို့နယ်များမှ မြောက်ဦးမြို့ပေါ်သို့ ပြောင်းရွှေ့လာကြပြီး မိသားစု၊ ဆွေမျိုးများ နေအိမ်တွင်လည်းကောင်း တည်းခိုခန်း၊ဟိုတယ်များနှင့် ဘုန်းတော်ကြီးကျောင်းများဖြစ်သော အလိုတော်ပြည့်ကျောင်း၊ အောင်မင်္ဂလာကျောင်း၊ သျှစ်သောင်းဘုန်းတော်ကြီးကျောင်း စသော ဘုန်းတော်ကြီးကျောင်း ၄၀ ကျော်တွင် တည်းခိုနေထိုင်လျက်ရှိပြီး ရောက်ရှိလာသော ရွှေ့ပြောင်းပြည်သူများအတွက် စားနပ်ရိက္ခာနှင့် တည်းခိုနေထိုင်ရေးတို့အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် လူမှုရေးအဖွဲ့အစည်းတို့မှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြင့်စိုး(ပြန်/ဆက်)**





ရန်ကုန်အရှေ့ပိုင်းခရိုင် သာသနာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အမှတ်(၁၆/၂)ရပ်ကွက် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်ရှိ ရဟန်း၊ သာမဏေများအား မေ ၁၃ ရက်က ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

# ကျုံပျော်ခရိုင်၌ သဘာဝဘေးအန္တရာယ် ကာကွယ်တုံ့ပြန်နိုင်ရေး လုပ်ငန်းများဆောင်ရွက်

**ကျုံပျော် မေ ၁၃**


သဘာဝဘေးအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးမှု မဖြစ်ပေါ်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်တုံ့ပြန်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၁၂ ရက် နံနက် ၁၀ နာရီက ပြုလုပ်သည်။

ဦးစွာ ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက မုန်တိုင်းအန္တရာယ်ဖြစ်ပေါ်ပါက ဌာနပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု မရှိရေး၊ ဝန်ထမ်းနှင့် ပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ခရိုင်အတွင်းမှ shelter ခုနစ်လုံးနှင့် ရပ်ရွာရှိ ဘုန်းတော်ကြီးကျောင်း၊ ခိုင်ခံ့သည့်အဆောက်အအုံများတွင် ခိုလှုံနိုင်ရေးနှင့် ခရိုင်အတွင်း ဆန်ရိက္ခာများ စုဆောင်းထားရှိမှု၊ သဘာဝဘေး အရေးပေါ်တုံ့ပြန်နိုင်ရေးနှင့် မုန်တိုင်းအလွန် ပြန်လည်ထူထောင်နိုင်ရေးလုပ်ငန်းများအား ရှင်းလင်းဆွေးနွေးသည်။


ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဟိန်းမောင်မြင့်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များက သဘာဝဘေးအန္တရာယ် ကျရောက်ပါက လူ၊ ယာဉ်၊ စားနပ်ရိက္ခာများ စီစဉ်ဆောင်ရွက်ထားမှုအခြေအနေကိုလည်းကောင်း၊ ဌာနဆိုင်ရာများက Shelter များ အသင့်ပြင်ဆင်ထားမှု၊ စားရေရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများ စုဆောင်းထားရှိမှု အခြေအနေများ၊ စိုက်ပျိုးသီးနှံနှင့် စားရေရိက္ခာများ ပျက်စီးဆုံးရှုံးမှုမရှိရေး ဆောင်ရွက်ထားမှု၊ အရေးပေါ်ဆေးဝါးများ စီစဉ်ထားရှိမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

မေ ၁၃ ရက် ညနေ ၄ နာရီ တိုင်းတာချက်အရ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ၏ ခန့်မှန်းလမ်းကြောင်းပြပုံ(ECMWF Model)




မေ ၁၃ ရက် ညနေ ၄ နာရီ တိုင်းတာချက်အရ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ၏ ခန့်မှန်းလမ်းကြောင်းပြပုံ(GPS Model)




# ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်နေသည့် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ရွှေ့ပြောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၁၃

ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ မုန်တိုင်းဘေးအန္တရာယ်ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် အရေးပေါ်ပြုစုခြင်း၊ အရေးပေါ်ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများကို လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ဘေးအန္တရာယ်ကျရောက်နိုင်သောနေရာများမှ ပြည်သူများအား ကြိုတင်ရွှေ့ပြောင်းပေးခြင်းများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများ၊ ရိက္ခာများအသင့်စုဖွဲ့ထားရှိခြင်းများ၊ သောက်သုံးရေလုံလောက်စွာ ရရှိရန်ဆောင်ရွက်ခြင်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ တံတားဦးမြို့နယ်တို့တွင်လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၊ ဂွမြို့နယ်၊ စစ်တွေမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ပေါက်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ မင်းပြားမြို့နယ်၊ မာန်အောင်မြို့နယ်၊ မြေပုံမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ သံတွဲမြို့နယ်၊ အမ်းမြို့နယ်တို့တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၊ ကျုံပျော်မြို့နယ်၊ ငသိုင်းချောင်းမြို့နယ်၊ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့နယ်၊ ပုသိမ်မြို့နယ်၊ ဖျာပုံမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဒေးဒရဲမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ရေကြည်မြို့နယ်၊ လပွတ္တာမြို့နယ်၊ သာပေါင်းမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့တို့တွင်လည်းကောင်း ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနတို့မှ တပ်ဖွဲ့ဝင် /ဝန်ထမ်းများက သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များတွင် ပြည်သူများအား အသိပေးနှိုးဆော်ခြင်းများ၊ အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ပြီး ဘေးအန္တရာယ်ကျရောက်နိုင်သောနေရာများမှ ပြည်သူများအား ကြိုတင်ရွှေ့ပြောင်းပေးခြင်း၊ မိုးသက်လေပြင်းကျရောက်ခြင်းကြောင့် သစ်ပင်များလဲကျ၍ လမ်းပိတ်ဆို့မှု၊ ချောင်းရေကျော်နေမှုကြောင့် သွားလာရေးခက်ခဲမှုများကို ကူညီဆောင်ရွက်ပေးခြင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ အရေးပေါ်ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ၊ အရေးပေါ်ပြုစုခြင်း၊ အရေးပေါ်ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည်ဖြင့် မုန်တိုင်းဘေးအန္တရာယ် လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ဘူးသီးတောင်မြို့နယ် အမှတ်(၁)ရပ်ကွက် ရွှေဗိမာန်ဘုန်းကြီးကျောင်းရှိ ပစ္စည်းများအား မြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက မေ ၁၃ ရက်တွင် ကူညီရွှေ့ပြောင်းပေးစဉ်။



ကျောင်းကုန်းမြို့နယ်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးနှိုးဆော်ချက်ကို အမှတ်(၂)ရပ်ကွက်၌ မေ ၁၃ ရက်တွင် ဆောင်ရွက်စဉ်။



ကျောက်တော်မြို့နယ်၌ မုန်တိုင်းဘေးကျရောက်နိုင်သည့် ကျေးရွာများမှ ပြည်သူများအား မုန်တိုင်းခိုလှုံရာနေရာများသို့ မေ ၁၂ ရက်တွင် ပြောင်းရွှေ့ပေးစဉ်။



မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးနှိုးဆော်ချက်ကို အမှတ်(၉)ရပ်ကွက်၌ မေ ၁၃ ရက်တွင် ဆောင်ရွက်စဉ်။



ဒိုက်ဦးမြို့နယ်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးနှိုးဆော်ချက်ကို ဒရယ်မီးရပ်ကွက်၌ မေ ၁၃ ရက်တွင် ဆောင်ရွက်စဉ်။

# ဂွမြို့၌ လမ်းပိတ်ဆို့နေသည့် သစ်ကိုင်းသစ်ခက်များအား ရှင်းလင်း

ဂွ မေ ၁၃

ရခိုင်ပြည်နယ် ဂွမြို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် လမ်းပိတ်ဆို့နေသည့် အ.လ.က အလယ်ရွာကျောင်းအနီးနှင့် ရပ်ပိုင်ကွင်းလမ်းဆုံရှိ နှစ်ချို့သစ်ပင်ကြီးများမှ အကိုင်းအခက်များအား မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့ညနေပိုင်းတွင် ရှင်းလင်း ဖယ်ရှားပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ လမ်းပိတ်ဆို့လဲကျနေသည့် ကက္ကိုပင်၊ သရက်ပင်၊ မဲဇလီပင်တို့မှ အကိုင်းအခက်များအား မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက အချိန်မီ ရှင်းလင်းဖယ်ရှားပေးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သောနေရာများမှ ပြည်သူများနှင့် ပစ္စည်းများ ရွှေ့ပြောင်းနေမှုကို သွားရောက်ကြည့်ရှု



**စစ်တွေ မေ ၁၃**

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသည့်မုန်တိုင်းသည် အလွန့်အလွန် အားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်း မိုခါ အဖြစ် ရောက်ရှိလာပြီဖြစ်သည့်အတွက်ကြောင့် စစ်တွေမြို့နယ်အတွင်း မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သောနေရာများမှ ပြည်သူများနှင့် ပစ္စည်းများ ရွှေ့ပြောင်းနေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ မိဇ္ဈကမ်းနားလမ်းမှ ပြည်သူများနှင့် ဆန်ကုန်သည်များ၊ ဈေးသူ ဈေးသားများက ဆန်နှင့် လူသုံးကုန်ပစ္စည်းများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေမှုကို သွားရောက်ကြည့်ရှုကြပြီး ရွှေ့ပြောင်းရာတွင် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ အာကျိုတ်တော်ကုန်းရှိစိတ္တာသုခကမ္မဋ္ဌာန်းကျောင်းတိုက်၌ စစ်တွေမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများမှ ပြည်သူများ ရွှေ့ပြောင်းရောက်ရှိနေထိုင်မှုကို သွားရောက်ကြည့်ရှုကြကာ စားရေရိက္ခာလိုအပ်မှု၊ လျှပ်စစ်မီးနှင့် လိုအပ်သည့်ပစ္စည်းများကို ဆရာတော်၊ သံဃာတော်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ အဝေးပြေးကားဂိတ်တွင် စစ်တွေမြို့ပေါ် ရပ်ကွက် ရေလွှမ်းမိုးနိုင်သည့်နေရာများမှ ပြည်သူများ မုန်တိုင်းဘေးလွတ်ရာ မြို့နယ်များသို့ ကားများဖြင့် တိမ်းရှောင်နေမှုကို တွေ့ဆုံပြီး လမ်းခရီးအဆင်ပြေစေရေးအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် အုန်းတောကြီး၊ အုန်းတောချေ၊ သဲချောင်း၊ ဒါးပိုင်(IDP) စခန်းတို့တွင် နေထိုင်ကြသူများအား ရွှေ့ပြောင်းပေးနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စားရေရိက္ခာများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ထားသော ရခိုင်ပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ Command Post မှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ Video conference စနစ်ဖြင့် တက်ရောက်ကြသည့် ခရိုင်၊ မြို့နယ် စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌများက မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ ရွှေ့ပြောင်းရမည့် အခြေအနေများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရမည့်လုပ်ငန်းများကို မှာကြားကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က မုန်တိုင်းသည် မိမိတို့နှင့် အနီးစပ်ဆုံးနေရာတွင် ရောက်ရှိနေပြီဖြစ်သည့်အတွက် စိတ်ပျက်အားလျော့ခြင်းမရှိဘဲ အားလုံး စိတ်တူကိုယ်တူဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသ၌နေထိုင်ကြသည့် ပြည်သူများ၏ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းမှုကဏ္ဍကိုလည်း ယမန်နေ့က အမြင့်ဆုံးအဆင့်ထိ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ သက်ဆိုင်ရာ ခရိုင်မြို့နယ်များတွင်လည်း တိုင်းမှူး၏ လမ်းညွှန်မှုနှင့်အတူ တပ်မတော်မှ တာဝန်ရှိသူများက ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း၊ ယနေ့ မွန်းလွဲပိုင်းတွင် ရွှေ့ပြောင်းမှုကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးက သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် လက်ရှိတွင် တပ်မတော်သားများက သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းပြီး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် Video conference စနစ်ဖြင့် တက်ရောက်ကြသည့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌများက မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြကာ ရခိုင်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များက မိမိတို့ကော်မတီအလိုက်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့်အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# အခြေခံစားသောက်ကုန်များ ကြိုတင်စုဆောင်းသိုလှောင်ထားရှိမှု ကြည့်ရှုစစ်ဆေး



**မြစ်ကြီးနား မေ ၁၃**

ကချင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ ပြည်နယ်၏မြို့တော် မြစ်ကြီးနားမြို့ကို သန့်ရှင်းသပ်ရပ်ပြီး အမှိုက်ကင်းစင်သော မြို့တစ်ခုဖြစ်လာစေရေးအတွက် ယနေ့ နံနက် ၇ နာရီခွဲက မြစ်ကြီးနားမြို့ မြို့မရပ်ကွက် မီးပွိုင့်စုရပ်မှစတင်၍ လမ်းမတစ်လျှောက် ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက်အတွင်းရှိ ကချင်ပြည်နယ် စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်းဂိုဒေါင်၌ မုန်တိုင်းအန္တရာယ်နှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ဘေးအန္တရာယ်ရင်ဆိုင်ခဲ့ရပါက ပြည်သူများအား ထောက်ပံ့ပေးနိုင်ရေးအတွက် ဆန်အိတ် ၅၀၀၊ ဆီပိဿာ ၅၀၀၊ အိုင်အိုဒင်းဆား ၅၀ ကျပ်သား အထုပ် ၅၀ ပါ အိတ် ၅၀၊ ကုလားပဲ ပိဿာ ၃၀ ပါ အိတ် ၄၀၊ ငပိ ပိဿာ ၅၀ ပါ အိတ် ၂၀၊ ခေါက်ဆွဲခြောက်ဖာ ၅၀၀နှင့် သောက်ရေသန့်ကတ်များ စုဆောင်းသိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မမျှော်မှန်းနိုင်သည့် ဘေးအန္တရာယ်များကျရောက်ပါက မိမိတို့ပြည်သူများအား စားရေရိက္ခာထောက်ပံ့ပေးနိုင်ရေးသည် အရေးကြီးသည့်အတွက် အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကြိုတင်ပြင်ဆင်ထားရှိသည့်အစုအဖွဲ့အင်အားနှင့် စုစည်းမှုကို အကောင်းဆုံးပြင်ဆင်

**ဟားခါး မေ ၁၃**

ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၄/၂၀၂၃)ကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့အကြား စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်းကို သက်ဆိုင်ရာဌာနက ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ကြိုတင်ပြင်ဆင်ထားရှိသည့် အစုအဖွဲ့အင်အားနှင့် စုစည်းမှုကို အကောင်းဆုံးပြင်ဆင်ရမည် ဖြစ်ကြောင်း၊ Disaster Management Centre (DMC)ကွပ်ကဲမှုဌာနကို ပြည်နယ်လူမှုရေးရာဝန်ကြီးက ဦးစီး၍ ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍အနောက်မြောက်တိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်က ကြိုတင်ပြင်ဆင်မှုအားကောင်းလေ ဆုံးရှုံးပျက်စီးမှု နည်းလေဖြစ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများဖြစ်ကြသည့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်းနှင့် ပြည်နယ်ဥပဒေချုပ် ဦးဆွန်ဒုတ်ကျင့်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်း၊ စစ်ဗျူဟာ ( အခြေချ ) ဟားခါးမှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်ဇင်အေးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိုးများစွာရွာသွန်းမှုကြောင့် မြေပြိုမှုများ ဖြစ်ပွားနိုင်သည့်အတွက် အန္တရာယ်ရှိနိုင်သည့်နေရာများတွင်နေထိုင်သော ပြည်သူများအား ယာယီခိုလှုံရန် သတ်မှတ်နေရာများသို့ အမြန်ရွှေ့ပြောင်းရန်လိုအပ်ကြောင်း၊ မြို့နယ်အလိုက် စုဆောင်းထားရှိသည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိများကို သတ်မှတ်သည့် ယာယီခိုလှုံရာနေရာများသို့ တစ်ပတ်စာ ကြိုတင်ထုတ်ပေးထားရန်နှင့် ဆက်သွယ်ရေးမပြတ်တောက်စေရေးအတွက် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရန်၊ Icon စက်များတပ်ဆင်ပေးရန်လိုကြောင်း အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆွေးနွေး တင်ပြချက်များအပေါ် ဒုတိယတိုင်းမှူးနှင့် ပြည်နယ် ဝန်ကြီးချုပ်တို့က အကြံပြု ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

■

## ဓာတ်ခွဲနမူနာစုစုပေါင်း ၉၀၇၈ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၆ ဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၃-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၅-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၀၇၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၅၀၃,၀၀၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၇,၁၀၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၅,၈၆၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## မျိုးစေ့ထုတ်တောင်သူများအား မျိုးသန့်မျိုးပွားမျိုးစေ့ပေးအပ်ခြင်းနှင့် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်မျိုးစေ့ ထောက်ပံ့ပေးအပ်

ဇလွန် မေ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးတစ်ဧက ၁၀၀ တင်း အထွက်တိုးရေးအတွက် ( RS to CS ) မျိုးစေ့ထုတ် တောင်သူများအား မျိုးသန့်မျိုးပွား မျိုးစေ့ပေးအပ်ခြင်းနှင့် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၁ ရက် နံနက် ၁၁ နာရီတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ကျော်စိုးက မျိုးစေ့ထုတ်တောင်သူများအား အရည်အသွေးပြည့်မီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား အလေးထားဆောင်ရွက်ကြရန် ပြောကြားခဲ့ပြီး မျိုးစေ့ထုတ်ဧက ၃၀၀ အတွက် (RS) မျိုးစေ့အိတ် ၂၀၀ နှင့် ပိုက်ဆံလျှော်မျိုးစေ့ ဧက ၃၀၀ အတွက် တစ်ဧကလျှင် လေးပြည်နှုန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် တာဝန်ရှိသူများက မိုးစပါး (RS) မျိုးသန့်မျိုးပွားမျိုးစေ့နှင့် သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၁၀ | ၁၉၆၀ | ၁၉၅၅ | ၁၉၂၀ | ၁၉၆၀ | ၁၉၈၀ | ၁၉၆၅ | ၁၉၄၅ | ၂၀၄၅ | ၂၀၆၀ | ၁၉၅၀ | ၁၉၆၀ | ၁၉၉၅ | ၁၉၉၅ | ၂၀၀၀ | ၂၂၃၀ | ၂၈၁၀ |
| 95 Ron | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၅ | ၂၁၃၀ | ၂၁၅၀ | ၂၀၄၀ | ၂၀၅၅ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၂၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၈၆၀ | ၁၉၁၀ | ၁၉၁၀ | ၁၈၇၀ | ၁၉၁၀ | ၁၉၃၅ | ၁၉၃၀ | ၁၈၉၅ | ၂၀၁၅ | ၂၀၁၀ | ၁၉၀၀ | ၁၉၁၅ | ၁၉၅၀ | ၁၉၅၀ | ၁၉၅၀ | ၂၁၈၀ | ၂၉၀၀ |
| HSD (50 ppm) | ၁၉၄၀ | ၁၉၉၀ | ၁၉၉၀ | ၁၉၅၀ | ၁၉၉၀ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၉၅ | ၂၀၉၀ | ၁၉၈၀ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၀ | ၂၂၆၀ | ၂၉၃၀ |
| HSD (10 ppm) | ၁၉၄၀ | ၁၉၉၀ | ၁၉၉၀ | ၁၉၅၀ | ၁၉၉၀ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၉၅ | ၂၀၉၀ | ၁၉၈၀ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၀ | ၂၂၆၀ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၁၀ | ၁၈၇၉ |
| 95 Ron | ၁၈၉၆ | ၁၉၆၇ |
| HSD (500 ppm) | ၁၇၆၆ | ၁၈၃၁ |
| HSD (50 ppm) | ၁၈၄၀ | ၁၉၀၆ |
| HSD (10 ppm) | ၁၈၄၀ | ၁၉၀၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

ဘားအံ မေ ၁၃

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကျုံဒိုးမြို့ ဓမ္မသုခကျောင်းတိုက်၌ ပြောင်းရွှေ့နေထိုင်သော ယာယီတိုက်ပွဲရှောင်ပြည်သူများအား ဆန်၊ ဆီ အစရှိသော စားသောက်ကုန်များနှင့် ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျုံဒိုးမြို့ ဓမ္မသုခကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ သေဋ္ဌိလအား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားတင်ပြကာ ဆန်၊ ဆီ အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျုံဒိုးမြို့ ဓမ္မသုခကျောင်းတိုက်ဓမ္မရုံ၌ ရောက်ရှိနေထိုင်သော ကော့ကရိတ်မြို့နှင့် ကျုံဒိုးမြို့တို့မှ ယာယီတိုက်ပွဲရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံ၍ အားပေးစကားများ ပြောကြားသည်။



ယင်းနောက် ယာယီတိုက်ပွဲရှောင် အိမ်ထောင်စု ၃၈ စု၊ လူဦးရေ ၁၂၄ ဦးအတွက် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက် အစရှိသော စားသောက်ကုန်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ထောက်ပံ့သော ၁၇ မျိုးပါ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ ထို့နောက် ယာယီတိုက်ပွဲရှောင်ပြည်သူများ၏ အခက်အခဲ၊ လိုအပ်ချက်များကို မေးမြန်းဆွေးနွေး၍ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေး၊ ပြန်လည်ရင်းနှီးမတည်ငွေ၊ ပညာသင်ထောက်ပံ့ကြေး၊ မျိုးစပါး၊ နေအိမ်များ ပြန်လည်ဆောက်လုပ်နိုင်ရေး၊ ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျုံဒိုးမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ရန်သူ့လက်နက်ကြီးကျရောက်ပြီး ပျက်စီးခဲ့သည့် ကျောင်းအမိုးများ ပြန်လည်ပြင်ဆင်မှု၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ကျောင်းသန့်ရှင်းသာယာလှပရေး၊ ဥပဓိရုပ်ကောင်းမွန်ရေး၊ ပရိဘောဂပြည့်စုံလုံလောက်မှုရှိစေရေး လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျုံဒိုးမြို့ အမှတ်(၂)ရပ်ကွက်တွင် မုန်တိုင်းဒဏ်ခံ ကာကွယ်ရေးအဆောက်အအုံ တည်ဆောက်မည့်မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဓနုဖြူမြို့နယ်၌ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ထားမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

ဓနုဖြူ မေ ၁၃

ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်သည် ယမန်နေ့ နံနက်ပိုင်းက ဓနုဖြူမြို့နယ်အတွင်း မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ထားမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ဝန်ကြီးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့သည် ဓနုဖြူမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးဝါးများ သိုလှောင်ထားရှိမှုနှင့် အရေးပေါ်အဆောင်များ ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ကျောင်းစုကျေးရွာအုပ်စုရှိ ကယ်ဆယ်ရေးစခန်းအဖြစ် ဆောင်ရွက်ထားရှိသော သီရိသုဓမ္မာကျောင်းတိုက်သို့သွားရောက်၍ ကယ်ဆယ်ရေးပစ္စည်းများ အသင့်စုဆောင်းထားရှိမှု၊ စားရေရိက္ခာစုဆောင်းထားရှိမှုနှင့် စေတနာ့ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုအပေါ် ဆွေးနွေးခဲ့ပြီး ကျောင်းစုတိုက်နယ်ဆေးရုံရှိ ဆေးဝါးများ သိုလှောင်ထားရှိမှုနှင့် အရေးပေါ်အဆောင်များ ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ထို့နောက် ဝန်ကြီးသည် ဓနုဖြူမြို့ အမှတ်(၂)ရပ်ကွက်ရှိ ခိုလှုံရာနေရာအဖြစ် ဆောင်ရွက်ထားရှိသော သုခိတာရာမ သုံးထပ်ကျောင်းတိုက်နှင့် သပြူကျေးရွာအုပ်စုရှိ ကယ်ဆယ်ရေးစခန်းအဖြစ် ဆောင်ရွက်ထားရှိသော နိဂြောဓာရုံကျောင်းတိုက်များသို့ သွားရောက်၍ ကယ်ဆယ်ရေးပစ္စည်းများ၊ စားရေရိက္ခာ စုဆောင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■ **ကျောဖုံးမှ**

မုန်တိုင်း၏ လက်ရှိအခြေအနေကို အနီရောင်အဆင့်ဟု သတ်မှတ်သည်။

**အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"မိုခါ" သည် ည ၉ နာရီခွဲတွင် မြောက်လတ္တီကျု ၁၇ ဒသမ ၁ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၁ ဒသမ သုညဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၄၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၂၀ မှ ၁၃၀ နှုန်းခန့် ဖြစ်သည်။

**နောက်(၄၈)နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး မေ ၁၄ ရက် နံနက်ပိုင်းမှစ၍ ရခိုင်ကမ်းရိုးတန်းကို စတင်ဖြတ်ကျော်နိုင်ကာ မွန်းလွဲပိုင်းတွင် မုန်တိုင်း၏ ဗဟိုချက်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့်မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့ကြား စစ်တွေမြို့အနီးမှ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အနေဖြင့် ဖြတ်ကျော်ဝင်ရောက်နိုင်သည်။ ထို့နောက် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးဆီသို့ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အနေဖြင့် ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**


အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"၏အရှိန်ကြောင့် ယနေ့ညမှ မေ ၁၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ယနေ့ညမှ မေ ၁၄ ရက်အတွင်း ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၁၁၀ မှ ၁၂၀ ခန့်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၆ ပေမှ ပေ ၂၀ ခန့်ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ ၇၀ ခန့်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေ ခန့် ရှိနိုင်သည်။

ယနေ့ညမှ မေ ၁၅ ရက်အတွင်း ရခိုင်ပြည်နယ်တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၁၀မှ ၁၂၀ ခန့်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၇၀ မှ ၉၀ ခန့်အထိနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ ၆၀ ခန့်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းဖြတ်ကျော်စဉ် မုန်တိုင်းဒီရေမှာ ရခိုင်ပြည်နယ် စစ်တွေခရိုင်၊ ကျောက်ဖြူခရိုင်နှင့် မောင်တောခရိုင်တို့ရှိ မြစ်ဝ၊ မြစ်လက်တက်များအတွင်း ၁၆ ပေမှ ပေ ၂၀ ခန့်အထိ မြင့်တက်လာနိုင်သည်ဟု ခန့်မှန်းရသည်။

### မေ ၁၃ ရက် ည ၉ နာရီခွဲ တိုင်းထွာချက်အရ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"လမ်းကြောင်းပြ မြေပုံ




အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"၏ အရှိန်ကြောင့် မုန်တိုင်းဒီရေမြင့်တက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်ကြသူများအနေဖြင့် မုန်တိုင်းဒီရေအန္တရာယ်ကို ကြိုတင်သတိပြုရှောင်ရှားကြပါရန်၊ မြစ်ငယ်၊ ချောင်းငယ်များ အနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများနှင့် ကုန်းမြင့်ဒေသ အနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကို ကြိုတင်သတိပြုနေထိုင်ကြရန်၊ ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်သို့ လုံးဝ (လုံးဝ) မထွက်ရန်နှင့် ပြည်သူလူထုအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချက်များကို စောင့်ကြည့်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်နိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဆင်းကွတ်(အရှေ့)ကျေးရွာနေထိုင်သူများဖြစ်သည့် ခင်နွယ်ဝင်း(ခ)ပေါက်စနှင့် သူဇာလှိုင် (ခ)မိချဲတို့သည် ၎င်းတို့အသုံးပြုသည့် “Pauk Sa” Facebook အကောင့်နှင့် “Mi Chal” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မုက္ခမူကျေးရွာနေ ကွင်းဒသကြီး အခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီးဖြစ်သူ ခင်အေးမြင့်သည် ၎င်းအသုံးပြုသည် “Su Su” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် သီရိရတနာလမ်း အမှတ်(၃)ရပ်ကွက်နေ ဇော်ဝင်းနှင့် သီရိဇေယျာလမ်း အမှတ်(၁၅)ရပ်ကွက်နေ အောင်ဇင်ထွန်း(ခ)အောင်ကြီးတို့သည် ၎င်းအသုံးပြုသည့် “Zaw Win” Facebook အကောင့်နှင့် “Aung Gyi” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ခေနန်ကျေးရွာနေ ယုယုနှင်း(ခ)ရွှေဥသည် ၎င်းအသုံးပြုသည့် “Yu Yu Hinn” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် မုန်တိုင်းအန္တရာယ် ကျရောက်နိုင်သည့် နေရာများမှ ပြည်သူများအား ဘေးလွတ်ရာသို့ မေ ၁၃ ရက်တွင် တာဝန်ရှိသူများက ရေယာဉ်ဖြင့် ရွှေ့ပြောင်းပေးစဉ်။



ရခိုင်ပြည်နယ် မြေပုံမြို့နယ် မုန်တိုင်းအန္တရာယ် ကျရောက်နိုင်သည့် နေရာများမှ ပြည်သူများအား ဘေးလွတ်ရာသို့ မေ ၁၃ ရက်တွင် တာဝန်ရှိသူများက ဆောင်ရွက်ပေးစဉ်။



ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မုန်တိုင်းခိုလှုံရာနေရာများရှိ ပြည်သူများအတွက် မေ ၁၃ ရက်တွင် တာဝန်ရှိသူများက စားနပ်ရိက္ခာများ ထောက်ပံ့ပေးစဉ်။



ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မုန်တိုင်းအန္တရာယ် ကျရောက်နိုင်သည့် နေရာများမှ ပြည်သူများအား ဘေးလွတ်ရာသို့ မေ ၁၃ ရက်တွင် တာဝန်ရှိသူများက ရေယာဉ်ဖြင့် ရွှေ့ပြောင်းပေးစဉ်။



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မုန်တိုင်းအန္တရာယ် ကျရောက်နိုင်သည့် နေရာများမှ ပြည်သူများအား ဘေးလွတ်ရာသို့ မေ ၁၃ ရက်တွင် တာဝန်ရှိသူများက ယာယီခိုလှုံရာစခန်းများသို့ ရွှေ့ပြောင်းပေးစဉ်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးဘိုးသုန်ရိပ်သာလမ်း၊ အမှတ်(၁၁-က)ဟု ခေါ်တွင်သော (၃ ၁/၂ )ထပ်တိုက်၏ မြေညီထပ်၊ အခန်းအကျယ်အဝန်း(၁၁၇၀) စတုရန်းပေရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးဉာဏ်မင်းထွဋ် [၁၂/ရကန(နိုင်)၀၆၅၉၃၂] က တာဝန်ယူဝန်ခံ၍ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးလမင်းဝင်း [၁၂/လကန(နိုင်)၀၅၄၆၈၁] နှင့် ဒေါ်နီနီမြင့် [၁၂/မရက(နိုင်)၁၃၅၈၄၆]တို့က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၄၃၀၇၁၁၄၈**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်/အမည်–၁၀/မစိုးရိမ်အနောက်ရပ်၊ ဦးပိုင်အမှတ်–၅၆က၊ (၃၆)ပေxအနံ(၁၂၀)ပေ ဧရိယာ(၀. ၁၁၂)ဧကကျယ်ဝန်းသော ဘိုးဘပိုင်မြေသည် ဒေါ်တင်ဥ အမည်ပေါက်လျက်ရှိပြီး ဒေါ်တင်ဥနှင့်ခင်ပွန်းဖြစ်သူဦးတင်အောင်တို့ ကွယ်လွန်သွားကြပြီဖြစ်သဖြင့် ဦးတင်အောင်+ဒေါ်တင်ဥတို့၏သားသမီး(၇)ဦးဖြစ်သော ဒေါ်ဖြူဖြူမြင့်(ခ)ဒေါ်ဖြူဖြူသန့်(ခ)ဒေါ်ဖြူဖြူလှိုင်၊ ဦးတင်မောင်ကျော်၊ ဦးကျော်အောင်မြင့်၊ ဒေါ်အေးအေးလှိုင်၊ ဒေါ်မွေးမွေးလှိုင်၊ ဒေါ်လွင်မွန်သန့်နှင့် ဦးကျော်ဇေယျမင်းတို့မှ အဆိုပါ ဘိုးဘပိုင်မြေနှင့် ယင်းမြေပေါ်ရှိ RC နှစ်ထပ်တိုက် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းတို့(၇)ဦးထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဒေါ်ပေရယ်မြတ်ပြည့်ဖြူ(ဘ)ဦးခင်မောင်သန်း [၁၂/ဒပန(နိုင်)၀၅၂၃၃၉]က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများပြသ၍ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့ကုန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပေရယ်မြတ်ပြည့်ဖြူ(ဘ)ဦးခင်မောင်သန်း [၁၂/ဒပန(နိုင်)၀၅၂၃၃၉] ၏**
**လွှဲအပ်ချက်အရ**
**ဦးမင်းစိုး( LL.B )**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်–၁၅၂၄၁)**
**အောင်မင်္ဂလာ(၂)လမ်း၊ ပျဉ်းမနားမြို့။**
**ဖုန်း–၀၉–၄၃၀၂၀၂၉၁၊ ၀၉–၉၄၃၀၂၀၂၉၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၃၊ မြေကွက်အမှတ်–၁၁၂၄၊ မြေကွက်တည်နေရာအမှတ်–၁၁၂၄၊ ဖွဲကပင်လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်မြင့်မြင့်(AB–၀၄၂၅၀၅) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်အား(တရားပြိုင်)ထားကာ ဦးဟံသိန်း(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဟန်ငြိမ်း)မှ တရားလိုပြုလုပ်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတရားမကြီးမှုအမှတ်–၄၇၀/၂၀၂၁ ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် မြေနှင့်အိမ်အပါအဝင် ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် အနိုင်ဒီကရီချမှတ်လိုက်သည့် (၄–၂–၂၀၂၂)ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့်တရားမဇာရီမှုအမှတ်(၂၄၈/၂၂)တို့အရ တရားရုံးကိုယ်စား တရားရုံးဘီလစ် ဒေါ်မြသီဂီအောင်[၁၁/စတန(နိုင်)၀၅၅၀၉၄]မှ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်၊ ကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်–25–E3၊ မြေကွက်အမှတ် စတုတ္ထတန်းစား–၁၃/၂၃၊ ဧရိယာ(၀.၀၃၁)ဧက၊ မြေကွက်တည်နေရာအမှတ်–၆၆၅၊ အောက်ကြည့်မြင်တိုင်လမ်း၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးစိန်ဆိုင်း(ခ)ဦးစံလှ[၁၂/ကမတ(နိုင်)၀၅၂၂၂၉]၊ ဒေါ်ချိုချိုစန်း [၁၂/ကမတ(နိုင်)၀၁၇၀၀၇]၊ ဒေါ်စိုးစိုး[၁၂/ကမတ(နိုင်)၀၁၇၀၀၉] အမည်ပေါက်(မြေပိုင်မြေ)မြေကွက်အား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစိန်ဆိုင်း(ခ) ဦးစံလှသည် (၃–၁၂–၂၀၂၀)ရက်နေ့တွင်ကွယ်လွန်ကြောင်း၊ ဒေါ်စုရင်(ခ)လီရှုတ်အင် [၁၂/ကမတ(နိုင်)၀၄၇၁၈၄]မှ ဦးစိန်ဆိုင်း(ခ)ဦးစံလှ၏ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ ဦးစိန်ဆိုင်း(ခ) ဦးစံလှ၏အစုကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ဒေါ်စုရင်(ခ)လီရှုတ်အင်၏ ဒဂုံမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်–၁၂/၈၈၅/၂၀၂၁ (၇–၁၂–၂၀၂၁)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးစိန်ဆိုင်း(ခ)ဦးစံလှ၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ယင်းမြေကို အမည်ပေါက်ခဲ့သည့် အရောင်းအဝယ်မှတ်ပုံတင် စာချုပ်အမှတ်–၄၂၅၁/၂၉–၁၁–၂၀၀၆ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်–၇၂၃/၂၀၂၀(၆–၂–၂၀၂၀)တို့ကို တင်ပြ၍ ဒေါ်စုရင်(ခ) လီရှုတ်အင် ၏ GP အမှတ်– ၈၂၉၇/၂၉–၁၀–၂၀၂၁ ဖြင့် ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မြင့်မြင့် [၁၂/လသန(နိုင်)၀၀၃၀၃၈]က ပူးတွဲအမည်ပေါက်များဖြစ်သည့် ဒေါ်ချိုချိုစန်း၊ ဒေါ်စိုးစိုးတို့နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်အထွေထွေရောဂါကုဆေးရုံကြီး၏ ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်းဆေးရုံတက်ရောက်သော လူနာများအားကုသပေးရာတွင် အသုံးပြုရန်အတွက် FDA အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံး ဆေးပစ္စည်းများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်၊ ဆေးရုံသုံးပစ္စည်း (Consumable)နှင့် အောက်ဆီဂျင်များကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် ဆေးနှင့်ဆေးပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ သန်လျင်အထွေထွေရောဂါကုဆေးရုံကြီးတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာ(၁)စောင်အတွက် တန်ဖိုးငွေ ကျပ် ၁၀၀၀၀ဝိ/(ကျပ်တစ်သောင်းတိတိ)ဖြင့် ရောင်းချပါမည်။

၄။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် –(၁၅–၅–၂၀၂၃)ရက်နေ့ (တနင်္လာနေ့)

တင်ဒါပိတ်သည့်ရက် –(၁၄–၆–၂၀၂၃)ရက်နေ့ (ဗုဒ္ဓဟူးနေ့)၊ ညနေ(၄:၀၀)နာရီ

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အထွေထွေရောဂါကုဆေးရုံကြီး၊ သန်လျင်မြို့**
**ဖုန်း – ၀၅၆–၂၁၅၁၁၊ ၀၅၆–၂၃၃၂၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ မင်းရဲကျော်စွာ(၅)လမ်း၊ အမှတ်–၁၆၃၈(ခ)ဟုခေါ်တွင်သော အလျား(၂၀)ပေx အနံ(၆၀)ပေ အကျယ်ရှိ ဒေါ်ကြိုင်အမည်ပေါက် ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဥမ္မာလင်း[၉/ညဥန(နိုင်)၁၁၃၁၂၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မျိုးအိ[၅/ကလထ(နိုင်)၁၇၉၀၆၀]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ဖြိုးဝေကြိုင်** | **ဒေါ်သီတာကြိုင်** |
| **(LL.B,D.B.L, D.M.L, D.I.L, B.D.S)** | **(LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၁၇၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၇၆၂)** |
| **ဖုန်း–၀၉–၂၆၀၀၀၀၇၅၅** | **ဖုန်း– ၀၉–၇၉၇၅၄၉၄၁၂** |

**အမှတ်(၅၆)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာချက်

ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၇၀)၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဗမာအေး)၊ မြေကွက်အမှတ်(၇၀)တွင် (၂)ခန်းတွဲ (၆)ထပ်တိုက် (**Pitch Roof**) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် **D/Map** နှင့် နှစ်(၆၀) ဂရန်အမည်ပေါက် ဦးပသီစိန်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ဝင်းမြ (၁၂/ဒပန(နိုင်)၀၂၄၀၀၈)မှ **BP1-4938** အမှတ်တွဲအား အင်ဂျင်နီယာပညာရှင် ဦးအေးကိုကို (**PE-Construction-0777**) ဖြင့် တင်ပြလျှောက်ထားလာရာတွင် မြေအမည်ပေါက် ဦးပသီစိန်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း တင်ပြနိုင်မှုမရှိခြင်းနှင့်ပတ်သက်၍ ယခုဆောက်လုပ်ခွင့် တင်ပြလျှောက်ထားခြင်းအား ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဦးကောင်းမြတ်ကျော် Passport No . MF 717857, CDC No.121991, ဦးကျော်ဟိန်း Passport No. MF 708639၊ CDC–118903, ဦးဇော်ဇော်ဦး Passport No.709331၊ CDC No.119786 တို့နှင့် အများသိစေရန်ကြေညာခြင်း

လူကြီးမင်းတို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထူးထူး(ခ) အောင်ကိုကို (GREAT HTOO EMPIRE) CREWS MANNING AGENCY SERVICE CO.,LTD နှင့် လူကြီးမင်းတို့၏ နိုင်ငံခြားသင်္ဘောသားသို့ လိုက်ပါဆောင်ရွက်နိုင်ရန် ဆောင်ရွက်ပေးမည့် သဘောတူညီချက်တစ်ရပ်ကို လူကြီးမင်းတို့ကိုယ်တိုင်လက်မှတ်ရေးထိုးခဲ့ကြောင်း ကျွန်ုပ်မိတ်ဆွေထံ၌ရှိသော စာရွက်စာတမ်းများအရ လူကြီးမင်းတို့အနေဖြင့် ငြင်းဆန်ရမည့် ကိစ္စမဟုတ်ပါ။ ကျွန်ုပ်မိတ်ဆွေဘက်မှလည်း ဝန်ဆောင်မှုပေးသော ကုမ္ပဏီဖြစ်သည့်အားလျော်စွာ လူကြီးမင်းတို့အား VESSEL NAME – HUB 16 နေရာအားရရှိစေရန် ဝန်ဆောင်ချိတ်ဆက် ဆောင်ရွက်ပေးခဲ့ပါသည်။

ထိုသို့ ကျွန်ုပ်မိတ်ဆွေ၏ ကုမ္ပဏီဘက်မှ ပြည့်ဝစွာ ဝန်ဆောင်ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သော်လည်း အဆိုပါ သင်္ဘောသို့ရောက်ရှိ တာဝန်ထမ်းဆောင်နေသည့် အခြေအနေ၌ လူကြီးမင်းတို့ဘက်မှ သင်္ဘောကုမ္ပဏီထံသို့ (၂၇–၃–၂၀၂၃)ရက်စွဲပါနှင့် (၁၁–၃–၂၀၂၃)ရက်စွဲပါ Request to sign off ပြုလုပ်ခဲ့ကြောင်း ကျွန်ုပ်မိတ်ဆွေထံ၌ရှိသော စာရွက်စာတမ်းအထောက်အထားများအရ ကျွန်ုပ်သိရှိရပါသည်။

ထိုသို့ လူကြီးမင်းတို့၏ သဘောဆန္ဒအလျောက် လုပ်ငန်းလုပ်ကိုင်ရာ သင်္ဘောမှ တာဝန်ထမ်းဆောင်လိုခြင်း မရှိသည့်အပေါ် ယခုအခါ ကျွန်ုပ်မိတ်ဆွေနှင့် ကျွန်ုပ်မိတ်ဆွေ၏ ကုမ္ပဏီဖြစ်သော (GREAT HTOO EMPIRE) CREWS MANNING AGENCY SERVICE CO.,LTD တို့အပေါ်၌ မဟုတ်မမှန်စွပ်စွဲပုတ်ခတ် ပြောဆိုခြင်း၊ သက်ဆိုင်ရာ အသင်းအဖွဲ့များ၌ မမှန်မကန်စွပ်စွဲ၍ တိုင်ကြားခြင်းတို့ ပေါ်ပေါက်လျက်ရှိကြောင်း ကျွန်ုပ်မိတ်ဆွေ၏ပြောကြားချက်အရ ကျွန်ုပ်သိရှိရပါသည်။

အဆိုပါ လူကြီးမင်းတို့၏ ဆောင်ရွက်ချက်များသည် ကျွန်ုပ်မိတ်ဆွေနှင့် (GREAT HTOO EMPIRE) CREWS MANNING AGENCY SERVICE CO.,LTD တို့၌ လွန်စွာဂုဏ်သိက္ခာကျဆင်းစေသည့်အပြင် ကုမ္ပဏီ၏ အကျိုးစီးပွားများကိုလည်း ထိခိုက်စေကြောင်း လူကြီးမင်းတို့အနေဖြင့်ကောင်းစွာ သတိချပ်သင့်ပါသည်။

သို့ဖြစ်၍ လူကြီးမင်းတို့ဘက်မှ ကျွန်ုပ်မိတ်ဆွေနှင့် ကျွန်ုပ် မိတ်ဆွေ၏ ကုမ္ပဏီအပေါ် မမှန်မကန် စွပ်စွဲတိုင်ကြားချက်များနှင့် ကျွန်ုပ် မိတ်ဆွေနှင့် ကျွန်ုပ်မိတ်ဆွေ၏ ကုမ္ပဏီ၏ ဂုဏ်အသရေကျဆင်းမှုပြုရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ချက်များအပေါ် ယခုကြော်ငြာပါသည့်နေ့မှ(၇) ရက်အတွင်း ပြန်လည်ဖြေရှင်း တောင်းပန်ရန် ကျွန်ုပ်အနေဖြင့်လေးနက်စွာ အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဖြိုး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၂၉၆၈၈)**
**အမှတ်(၂၃၅)၊ စံပြ(၃)လမ်းနှင့် အောင်သိဒ္ဓိလမ်းထောင့်၊**
**ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ Ph:09–260025950**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၅H၊ လူနေရပ်ကွက်အမှတ်–ဗိုလ်စိန်မှန်၊ မြေကွက်အမှတ်–၂၉၈၊ ဧရိယာ (၈၀၀) စတုရန်းပေ၊ ( အလျား ၂၀ ပေ x အနံ ၄၀ ပေ )ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အမှတ်–၄၁၊ ဗိုလ်စိန်မှန်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင်အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်တင်လှ [၁၂/ဗဟန(နိုင်)၀၂၀၇၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သက်လေးချို LL.B., D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၂၀၈)**
**အမှတ်–၁၃၈၊ ပထမထပ်၊ ၃၂ လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၀၂၄၂၈၉၊ ၀၉–၄၃၁၁၂၆၃၇**




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ မောတောင်မြို့၊ အေးသာယာရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၄၉၃)တွင် ''Sun Shine'' အမည်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပါသည်။ သို့ဖြစ်ပါ၍ သောက်ရေသန့်စက်ရုံများ၏ အမည်တူရှိခဲ့ပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ထုတ်လုပ်ရောင်းချရန်အတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လိုင်စင်တင်ရန်ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခြူးဇင်အိမ် [၆/မမန(နိုင်)၂၀၈၅၄၇]**
**ဖုန်း–၀၉–၇၆၀၄၁၇၅၅၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ငပလီမြို့နယ်၊ လင်းသာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၀၅)၊ ကွင်းအမည်– လင်းသာမြောက်ကွင်း၊ ဦးပိုင်အမှတ်(၂၉၈/စ) ဧရိယာ(၀.၃၇)ဧကရှိ ဒေါ်စမ်းစမ်းဝင်း အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)နှင့် မြေစာရင်းပုံစံ(၁၀၅)လုပ်ပိုင်ခွင့်ရရှိထားသော ဥယျာဉ်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စမ်းစမ်းဝင်း[၁၂/ကမရ(နိုင်)၀၀၂၄၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ဥယျာဉ်မြေတန်ဖိုးငွေ၏စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ဥယျာဉ်မြေလုပ်ပိုင်ခွင့် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်မြလဲ့ဝင်း(L.L.B ) အထက်တန်းရှေ့နေ(စဉ်–၂၀၉၅၁)**
**အမှတ်–၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:၀၉–၅၁၅၁၈၃၃၊ ၀၉–၅၀၉၀၅၅၃**

## ပျောက်ဆုံးကြောင်း

မောင်ရန်နောင်စိုး[၇/ကကန(နိုင်)၁၀၅၈၈၉]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်နံပါတ် MF-657624 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၅၄၇၀၇၆၆၇**

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

ကျွန်မ မကျော့ရွှေမျိုး၏ ပတ်စ်ပို့(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်အား အကြောင်းကြားပေးပါရန်။

**Ph:09–983346169**

## ဦးမျိုးဇော်(ဘ)ဦးချစ်ဟန် [၈/ရစက(နိုင်)၁၆၂၂၇၈] နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်ဇာဇာဌေး(ဘ)ဦးမျိုးသန့် [၅/ကသန(နိုင်)၀၇၉၀၃၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်–

ဦးမျိုးဇော်နှင့် ဒေါ်သင်ဇာဇာဌေးတို့သည် (၁–၇–၂၀၁၇)ရက်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကာ သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ထို့နောက်ပိုင်း ဦးမျိုးဇော်သည် ဒေါ်သင်ဇာဇာဌေးအား ပေါင်းသင်းစဉ်ကာလတွင်လည်း လင့်ဝတ္တရားနှင့်အညီ လုပ်ကိုင်ကျွေးမွေးခြင်းမရှိသည့်အပြင် ကိုယ်၊ စိတ်နှလုံးဆင်းရဲအောင်ပြုလုပ်ခဲ့သည်များရှိခဲ့ပြီး (၁၈–၆–၂၀၂၁)ရက်မှစ၍ ဒေါ်သင်ဇာဇာဌေးနှင့်သမီးအား အကြောင်းမဲ့ စွန့်ပစ်ခဲ့သည်မှာ ယနေ့အချိန်ကာလအထိဖြစ်ပါသည်။ ဦးမျိုးဇော်အား လိုက်လံစုံစမ်းဆက်သွယ်ခဲ့ပါသော်လည်း စုံစမ်းသိရှိခဲ့ရခြင်းမရှိပါ။ ထို့ကြောင့် အကြောင်းမဲ့ စွန့်ပစ်ခံရသူအနေဖြင့် စွန့်ပစ်သူ ဦးမျိုးဇော်အား လင်ယောကျ်ားအဖြစ်ဆက်လက်ပေါင်းရန်ဆန္ဒမရှိတော့ပါသဖြင့် ယနေ့မှစ၍ လင်ခန်း၊ မယားခန်း ပြတ်စဲကြောင်း ဦးမျိုးဇော်[၈/ရစက(နိုင်)၁၆၂၂၇၈]နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**
**ဦးထွန်းထွန်း(ဝါးခယ်မ)**
**LL,B (စဉ်–၈၀၂၀)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်–၂၃(က)ဘုရင့်နောင်လမ်းမ(ကန်ရှေ့)၊ သုဝဏ္ဏ၊**
**ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း – ၀၉–၄၂၀၁၁၈၃၂၆၊ ၀၉–၂၅၄၄၇၁၁၇၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ စစ်ကိုင်းလမ်းနှင့် စစ်ကိုင်း(၂၉)လမ်းထောင့်၊ မြေကွက်အမှတ်(၆၅၇/က)၊ မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိနှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (RC) နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် ဦးမြတ်ဦး [၁၂/ပဘတ(နိုင်)၀၁၄၂၃၆] အမည်ဖြင့်အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက် ကိုယ်တိုင်မှမိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၁၂**

## "မြေ နှင့် အဆောက်အအုံ အရောင်းအဝယ် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၃၊ လူနေရပ်ကွက်-စက်မှုဇုန်(၂)၊ မြေကွက်အမှတ်-၂၉၇၄၊ ဧရိယာ(၁၃၁၀၀) စတုရန်းပေ၊ (၀.၃၀)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဦးဟင်ဘီ [၆/ပလန(နိုင်)၀၀၀၆၉၇]အမည်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဂရန်အမည်ပေါက်ဖြင့် တည်ရှိသည့်မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်သူ (၁) ဦးဟင်ဘီ [၆/ပလန(နိုင်)၀၀၀၆၉၇]၊ (၂)ဒေါ်ဖြူဖြူဝင်းဆွေ [၆/မအရ(နိုင်)၀၀၀၂၁၅]တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးခင်မောင် [၁၂/သကတ (နိုင်)၂၂၃၇၂၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ အချို့တစ်ဝက် ပေးချေထားပြီးဖြစ်ရာ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားများနှင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဇင်မာဦး LL.B** — **ဒေါ်သန္တာနွယ် LL.B,LL.M, D.B.L**
**တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေ**
**(စဉ်-၁၅၈၁၈/၂၀၁၉)** — **(စဉ်-၄၉၉၁၄/၂၀၁၈)**
**ဖုန်း-၀၉-၄၂၀၁၄၀၈၄**
**အမှတ်-၁၅၃ (၅-လွှာ/အေ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ဘိုဘိုသန်း[၁၂/ဒဂမ(နိုင်) ၀၁၉၄၆၂]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၈၅၆၇၆၆၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ဖြိုးဝေ [၉/မဟမ(နိုင်)၀၄၉၃၃၇]၏ ပတ်စ်ပို့နံပါတ် MB 338376 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၆၆၇၅၃၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရာဇာလင်း၏ Passport နံပါတ် MA-067376 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-698129754**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ဘန့်ဘွေးကုန်းရွာနေ ဦးသန်းဦး[၈/နမန(နိုင်)၁၂၉၁၂၁]၏သား အာကာမြင့်မြတ်အား ရှိုင်းဝေယံထက်ဟု ပြောင်းလဲခေါ်ပါရန်။

**ရှိုင်းဝေယံထက်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုစန်းဌေး၏ Passport 924526 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။

**Ph:09-424975847**

**ဒဂုံမြို့သစ်တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည် ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။**
**09260664480**
**09260664490**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ STAR CITY ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်း၊ သန်လျင်ကြယ်စင်အိမ်ရာ၊ တိုက်အမှတ်( CL-3 )၊ အခန်းအမှတ်(၃၀၈)၊ LEVEL(3)၊ RC(၈)ထပ် အဆောက်အဦမှ ဧရိယာ( ၇၁၀ )စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းတွင်ပါရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်တိုးတိုးမာ[၁၃/လရန(နိုင်)၀၀၄၉၇၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးသိန်းထွေး[၉/မရတ(နိုင်)၀၈၈၇၈၅]၊ ဒေါ်နန်းညွန့်တင်[၉/ပသက(နိုင်)၀၁၆၃၀၃]နှင့် ဒေါ်နန်းဆိုင်စန္ဒာ[၁၂/လမန(နိုင်)၁၄၄၆၃၁]တို့က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းထွေး၊ ဒေါ်နန်းညွန့်တင်နှင့် ဒေါ်နန်းဆိုင်စန္ဒာတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်သိန်း(LLB)** — **ဒေါ်မေမီလှိုင် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၃၂)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၆၅)**
**ဖုန်း-၀၉-၅၄၀၁၉၄၀** — **ဖုန်း-၀၉-၄၂၈၂၂၇၃၁၃**
**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၂၆)၊ သီရိမင်္ဂလာအိမ်ရာ၊ သီရိမင်္ဂလာကွန်ဒိုမီနီယမ်( I )၊ ( ၇၃x၇၄)လမ်းကြား၊ (၂၆x၂၇) လမ်းကြား၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(9-B)၊ နဝမထပ်၊ (၉-လွှာ)၊ အကျယ်အဝန်း(၁၆၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သိမ့်သိမ့်ဝင်း [၉/မတရ(နိုင်)၁၄၂၆၂၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်ဝေလွင်[၁/မညန(နိုင်)၁၁၀၅၂၂]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဇင်ဝေလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး**
**LL.B, WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**Ph:09-450023651, 09-793568375**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့နယ်၊ လင်းသာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၀၅)၊ ကွင်းအမည်- လင်းသာမြောက်ကွင်း၊ ဦးပိုင်အမှတ်(၂၉၈/ခ)၊ ဧရိယာ(၀.၇၃)ဧက၊ ဦးပိုင်အမှတ်(၂၉၉/ ၂)၊ ဧရိယာ(၀.၁၅)ဧက၊ ဦးပိုင်အမှတ် (ခ/၃၀၃)၊ ဧရိယာ(၀.၀၅)ဧက၊ ဦးပိုင်အမှတ်(၃၀၄)၊ ဧရိယာ(၀.၄၅)ဧက၊ စုစုပေါင်းဧရိယာ(၁.၃၈)ဧကရှိ ဒေါ်ခင်စန္ဒာဝင်းအမည်ဖြင့် လယ်မြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းသုံးစွဲခွင့်ပြုမိန့် အဆင့်မြင့်တည်းခိုရိပ်သာအဖြစ် အသုံးပြုရန်ရရှိထားသော မြေကွက်နှင့်

၂။ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့နယ်၊ လင်းသာ ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၀၅)၊ ကွင်းအမည်-လင်းသာမြောက်ကွင်း၊ ဦးပိုင်အမှတ်(၂၉၈/င)၊ ဧရိယာ(၀.၃၆)ဧကရှိ မြေကွက် စုစုပေါင်းဧရိယာ(၁.၇၄)ဧက အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား သံတွဲမြို့လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဒေါ်ခင်စန္ဒာဝင်း [၁၂/ကမရ(နိုင်) ၀၀၁၉၉၅] အမည်ဖြင့် အမည်ပေါက် ပိုင်ဆိုင်ထားပြီး အမည်ပေါက်ထားသူထံမှ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ မြန်မာသံရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၀/ ၂၁)အရ လွှဲအပ်ခြင်းခံရသူများဖြစ်သည့် ၁။ဦးထွန်းထွန်းလင်း(ခ)တိုးတိုး [၁၂/ဒဂန(နိုင်)၀၂၀၃၁၈]၊ ၂။ဒေါ်သဲမမငြိမ်း [၁၂/သဃက(နိုင်)၀၀၂၃၁၁] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်များ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြလှဲ့ဝင်း(LL.B )**
**အထက်တန်းရှေ့နေ (စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/စီ၁)၊ မြေကွက်အမှတ်(၈၄) ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၃၈)၊ (၈)ထပ်တိုက်၏ မြေညီထပ်(ခေါင်းရင်းခန်း)၊ တိုက်ကိုမျက်နှာမူလျှင် (လက်ယာဘက်) တိုက်ခန်းတစ်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးမင်းမင်းဦး [၁၁/သတန(နိုင်)၀၅၄၄၅၇]က ဝယ်ယူပိုင်ဆိုင် လက်ရောက်ရယူထားသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းကို ဦးမင်းမင်းဦးထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမာ [၆/ပလန(နိုင်)၀၀၀၂၉၈]က ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ဤသတင်းစာတွင် ကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ပြီး စာရွက်စာတမ်း၊ အထောက်အထားမူရင်းများပြသ၍ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစံမြ(ပုလော) တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၇၁/၈၉)**
**ဒေါ်ရီရီဝင်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၆၄၀/၁၉)**
**အမှတ်(၈၃)၊ အခန်း(၁၀)၊ ဒု-ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၉၀၇၀၅၄၀၊ ၀၉-၄၂၅၈၄၈၅၇၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းတောင်(အရှေ့)ရပ်ကွက်၊ အမှတ်(၇၇)၊ ရွှေလှိုင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် -၂၃ဘီ၂၊ မြေကွက်အမှတ်(၁၃၃)၊ အကျယ်အဝန်း(၁၈'x ၅၀')၊ ဂရန်အမည်ပေါက်[ဦးစိုးဝင်း(ခ)ဦးကျောက်ခဲ+ဒေါ်တင်မြင့်]၊ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသောအဆောက်အဦအပါအဝင် မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိဘများကွယ်လွန်ခဲ့ကြသည့်အတွက် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ရောင်းချခွင့်ရှိသူ သမီးများဖြစ်ကြသည့် (၁)ဒေါ်မြင့်မြင့်ကြည် [၁၂/ကမတ(နိုင်)၀၄၈၂၃၂]၊ (၂)ဒေါ်အေးအေးမြင့် [၁၂/ကမတ(နိုင်)၀၄၅၄၂၃]၊ (၃)ဒေါ်လှလှသိန်း [၁၂/ကမတ(နိုင်)၀၄၅၄၂၆]၊ (၄)ဒေါ်စန်းစန်းဝင်း [၁၂/ကမတ(နိုင်)၀၀၁၂၄၂]၊ (၅)ဒေါ်မိမိမော် [၁၂/ကမတ(နိုင်)၀၅၂၉၈၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေအချို့အဝက်အား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါလျှင်သတင်းစာကြော်ငြာပါရှိသည့်နေ့ရက်မှ (၁၅)ရက်အတွင်း ကျွန်ုပ်တို့ထံ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းယုအောင် LL.B,D.B.L(Dip in English)** — **ဦးစိုးအောင် (B.A,RL,D.B.L,B.D.S)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၆၄၉၄)** — **(စဉ်-၆၉၁၄)**
**အမှတ်(၁၆၀)၊ ၄၀ါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၂၂၃၇၉၆၊ ၀၉-၄၄၃၀၀၂၆၀၇၊ ၀၉-၄၅၀၀၂၄၀၃၇**

## ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၂၅၆)၊မြေညီထပ်တိုက်ခန်းအရောင်းအဝယ်အားကန့်ကွက်နိုင်ကြောင်း

အထက်ပါတိုက်ခန်း၏ပိုင်ရှင်ဖြစ်ကြောင်း၊တရားဝင်လက်ရှိထားပိုင်ဆိုင်ရောင်းချခွင့်ရှိသူဖြစ်ကြောင်း၊ အမွေဆိုင်အရှုပ်အရှင်း၊အခြားအရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုရောင်းချသူ ဦးသက်လင်း(၁၂/ကတတ(နိုင်)၀၀၈၂၇၄)ကိုင်ဆောင်သူထံသို့ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏တစ်စိတ်တစ်ဒေသကို (စရံငွေ)အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ကာလအတွင်းကန့်ကွက်သူမရှိခဲ့ပါက အရှုပ်အရှင်းမရှိဟု ယတိပြတ်သတ်မှတ်၍ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်မြ (LL.B,LL.M,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၁၄)
အမှတ်(၁၄/မြေညီ)၊ရွှေဂုံတိုင်လမ်းမ(တာမွေOceanအရှေ့)၊ဗဟန်းမြို့နယ်။ ဖုန်း-၀၉၅၀၄၇၃၈၃

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက် (အောင်ချမ်းသာတိုးချဲ့)၊ အေးမေတ္တာရပ်ကွက်၊ မြေကွက်အမှတ် (၁၉၅)ဟုခေါ်တွင်သည့် ဦးတင်ထွန်းအုန်း အမည်ပေါက် အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေ အမျိုးအစား မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ပါမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်များကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူရရှိထားသူမှ ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဟန်နီဇော်မင်း[၁၂/ဒဂမ(နိုင်)၀၂၃၂၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြူကြူခိုင် [၇/ဇကန(နိုင်)၀၁၇၂၀၆]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမို့မို့အောင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၃၉၀)**
**တိုက်(၂၈၇)၊ အခန်း(၄)၊ ကျောင်းလမ်း၊ ၂၅-ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း-၀၉-၄၂၅၃၁၁၇၁၂၊ ၀၉-၄၄၇၆၅၈၇၀၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၃)၊ မြေကွက်အမှတ်(၃၂၉)၊ ပုဂံလမ်း၊ ( အလျား ၄၀ ပေ x အနံ ၆၀ ပေ) ရှိ မြေချပါမစ်မြေကွက် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေချပါမစ်အမည်ပေါက် ဦးအေးထွန်းထံမှ အဆက်အစပ်စာချုပ်များဖြင့် ဒေါ်စန်းမြင့်ဦး [၁၂/ဒဂမ(နိုင်)၀၁၁၇၁၀] မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့် အိမ်အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နေခြည်ဦး (LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၆၂၈၁)**
**အမှတ်(၄၀)၊ ၇-လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၆၇၃၆၄၂၅၂**

## ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊(၈)ရပ်ကွက်၊(၃၉)လမ်း၊အမှတ်(၁၉၃)ရှိ (၆လွှာ/အပေါ်ဆုံး)၊ အခန်းအမှတ်(၅၀၂)တိုက်ခန်းကို ဝယ်ယူမည်ဖြစ်၍ မည်သူမဆို ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ပါတိုက်ခန်းသည်"မိသားတစ်စုစီမံမှုကတိစာချုပ်"အရ(ဦးဆန်းဦးစိုး) တရားဝင်လက်ရောက်ရရှိပိုင်ဆိုင်ပြီး၊(ဦးဆန်းဦးစိုး)ကွယ်လွန်ခဲ့သဖြင့် ဇနီးဖြစ်သူ ဒေါ်ဆွေဆွေရီ(၁၂/ဗတထ(နိုင်) ၀၂၈၂၈၀) က တစ်ဦးတည်းအမွေဆက်ခံခြင်းဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်ကြောင်း နှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း၊ အမွေဆိုင်အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဒေါ်ရီရီလွင် (၁၂/ကတတ(နိုင်)၀၁၈၇၇၆)က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများ၏တစ်စိတ်တစ်ဒေသကို(စရံငွေ)အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်းကန့်ကွက်သူမရှိခဲ့ပါက အရှုပ်အရှင်း မရှိဟု ယတိပြတ်သတ်မှတ်၍အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်မြ(LL.B,LL.M,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၁၄)
အမှတ်(၁၄/မြေညီ)၊ ရွှေဂုံတိုင်လမ်းမ(တာမွေOceanအရှေ့)၊ ဗဟန်းမြို့နယ်။ ဖုန်း-၀၉၅၀၄၇၃၈၃/၀၉၉၈၉၈၉၆၃၄၈

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အေးသာယာရပ်ကွက်၊ ဗဟို(၂၉)လမ်း၊ မြေကွက်အမှတ်(အယ်လ်-၁၁၇)၊ သန်လျင်မြို့နယ်၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ဦးသာဝ[၁၂/သလန(နိုင်)၀၀၁၄၅၇]ကိုင်ဆောင်သူသို့ ချထားပေးသော မြေအကျယ်(၄၀x၆၀) ပေရှိ(စလစ်မြေ)ဖြစ်ပြီး၊ အဆိုပါမြေကွက်နှင့်နေအိမ်အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး နောက်ဆုံးပိုင်ရှင်ဖြစ်ပြီး လွှဲပြောင်းရောင်းချဝယ်ယူပိုင်ခွင့်ရှိသည်ဟု အဆိုပြုပြောဆိုသူ ဦးမင်းခန့် [၁၂/တမန(နိုင်)၁၀၂၅၂၉]ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးကြည်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာ၊ ကံ့ကော်လမ်း၊ တိုက်အမှတ်-R2၊ အခန်း-၃၀၂(တတိယထပ်)၊ အကျယ်အဝန်း-၁၁၅၀ စတုရန်းပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါတိုက်ခန်းအား ဦးသိန်းရွှေ[၁၂/စခန(နိုင်)၀၀၅၀၆၇]နှင့် ဒေါ်သန်းဝင်း [၁၂/စခန(နိုင်)၀၀၅၀၄၆]တို့မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံ၍ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးခင်မောင်ချို LL.B, D.B.L** — **ဒေါ်သီတာအောင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၄၄)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၀၀)**
**ဖုန်း-၀၉-၄၄၃၀၇၁၉၈၅၊ ၀၉-၆၈၅၆၈၇၆၈၀**
**အမှတ်-၆၆၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

## မင်းကွန်းတိပိဋက–နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့ လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကစရေ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက–နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး တိပိဋက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြံ၊ ကြည့်၍ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀) တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံး နေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ် အပါး(၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ–နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့–ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်း လျက်ရှိပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဆွမ်းပဒေသာပင်တစ်ပင်လျှင် | ကျပ်–၁၀၀၀ဝိ/– | ပိတ်ရက် |
| ၂။ | ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လျှင် | ကျပ်–၂၀၀၀ဝိ/– | မရှိ |
| ၃။ | ရေ၊ မီး၊ ဆေးပဒေသာပင်တစ်ပင်လျှင် | ကျပ်–၅၀၀ဝိ/– | လှူဒါန်း |
| ၄။ | စာအောင်ဆုနှင်းပဒေသာပင်တစ်ပင်လျှင် | ကျပ်–၅၀၀ဝိ/– | နိုင် |
| ၅။ | ကျောင်းရှိသံဃာအကုန် အရုဏ်ဆွမ်း | ကျပ်–၇၅၀၀ဝိ/– | ပါသည် |
| ၆။ | ကျောင်းရှိသံဃာအကုန် နေ့ဆွမ်း | ကျပ်–၁၅၀၀၀ဝိ/– | |

လှူဒါန်းပြီး အနုဂါမိကရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန် အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀)စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ရေစက်ချပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

မှတ်ချက်။ ။အရုဏ်ဆွမ်းနှင့်နေ့ဆွမ်းနှုန်းထားကို (၆–၈–၂၀၂၀)မှ စတင်၍ ပြောင်းလဲသတ်မှတ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ**

၁။ တိ–နိ ရန်ကုန် တိပိဋကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
- မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်(၂)၊ ရန်ကုန် A/C No.SS.177064
- KBZ BAHOSI BR Yangon. A/C No.061–301–06100094501 –ဦးသိန်းလှိုင်
- AGD Bank(MGTN), A/C 3240301000254013
- CB Bank A/C 0002600 1000 28851

AYA Bank A/C 40020682989

A Bank A/C–0014010200009553

ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၂၀၀၄၀၄၉၂၊ ၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉၊ ၀၉–၄၄၃၁၉၇၉၉၅

၂။ တိ–နိ မန္တလေး၊ အမှတ်(၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့၊ ဖုန်း–၀၉–၂၁၃၁၀၂၃–ဦးဝင်းဆွေ

၃။ တိပိဋက–နိကာယ မော်လမြိုင်ကျောင်းတိုက်၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ ဗိုလ်ချုပ်လမ်းမ၊ ရန်ကုန်။ ဖုန်း–၀၉–၄၄၃၁၉၇၉၉၅၊ ၀၉–၇၉၅၇၉၅၇၉၀

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ စိတ္တသုခလမ်း၊ မြေကွက်အမှတ် (၉၅၄)၊ မြေအကျယ်အဝန်း (၂၀ပေ x ၆၀ပေ)၊ (ခြေရင်းခြမ်း)၊ မြေကွက်အမှတ် (၉၅၅)နှင့် ကပ်လျက်ဘက်အခြမ်းရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးမင်းဆွေဦး (MYA–၀၂၃၂၄၅)** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်စိန်စိန် [၁၂/ဗဟန(နိုင်) ၀၁၅ ၆၄၈]**သည် **နှစ်ဦးသဘောတူအဆင့်ဆင့် အဆက်စပ်အရောင်းအဝယ် ကတိစာချုပ်များ**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၄)၊ ဘုရင့်နောင်လမ်း၊ အမှတ်(၆၆)၊ ပေ(၄၀x၆၀)၊ နှစ်(၆၀)ဂရန်မြေအနက်မှ တရားဝင် ခွဲစိတ်ဆဲဖြစ်သော အမှတ်(၆၅)နှင့်ကပ်လျက်ရှိသော အကျယ်ပေ(၂၀x၆၀)ကို အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဇင်မိုးသန်း[၁၂/လမန(နိုင်) ၁၃၇၀၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖွန်ဝေဖြူ[၉/မဟာမ(နိုင်)၀၂၀၃၈၀၀]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်း အဝယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ စာရွက်/စာတမ်း(မူရင်း)များနှင့်လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝေမီလှိုင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၆၉၁)**
**အမှတ်(၈၂)၊ ၁၂–လမ်း၊ လမ်းမတော်မြို့နယ်။**
**ဖုန်း–၀၉–၄၂၁၀၀၉၄၆၃၊ ၀၉–၇၉၈၄၀၆၃၇၇**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ လူနေ ရပ်ကွက်အမှတ်(၁၂)၊ ကံ့ကော်လမ်း၊ မြေကွက်အမှတ်(၁၂၁၇–A)၊ ဦးထွန်းမြင့် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အကျယ်အဝန်း (၂၀x၆၀)ပေရှိ မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိရေမီးစုံပါလူနေအိမ် (၂)လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြေချပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ ဝယ်ယူ၍၎င်းမှသာ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြု လွှဲပြောင်းရောင်းချသူ ဦးမြဦး [၁၂/လမန(နိုင်)၀၈၀၈၀၇] ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဌေးဝင်း [၉/ကပတ (နိုင်)၂၅၃ ၄၄၇] မှ ဝယ်ယူရန်အတွက်ရောင်းကြေးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသည့်မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းတိကျ ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်–၅၀၄၄၆)**
**အမှတ်–(၁၈၇)၊ သံတောင်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၉၆၃၆၄၄၅၁၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၈၅၊ မြေကွက် အမှတ်–၁၅၅၉၊ မြေကွက်တည်နေရာ အမှတ်–၁၅၅၉၊ (၈၅)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ဦးတင်ရွှေ[၁၂/ သဃက(နိုင်)၀၃၀၅၅၈]အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးတင်ရွှေ[၁၂/သဃက(နိုင်)၀၃၀၅၅၈] ထံမှ အရပ်ကတိအရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်စုမွန်လှ [၁၂/ပဇတ(နိုင်)၀၃၅၀၈၁]မှ ပါမစ် မူရင်း(မူရင်းတုံးမပါ)၊ အရပ်ကတိ စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား မြေပြင် ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ် ဖြစ်ပြီး လျှောက်ထားသူမှ ကွင်းဆင်း ပုံစံပေါ်တွင် သိရှိကြောင်း လက်မှတ် ရေးထိုးတင်ပြထားပါသဖြင့် ဒေါ်စုမွန် လှမှ ပါမစ်မူရင်း တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)လျှောက်ထား လာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
